မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၈ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ်(၃၂၉)

ကတညုတာ တော် မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၆/၂၀၀၈)
၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၇၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၃၅ က၊ ပုဒ်မခွဲ(၂)၏ ပထမခြွင်းချက်၊ အမိန့် ၃၈၊ နည်းဥပဒေ ၁၃၊ အမိန့် ၅၀ နှင့် အမိန့် ၅၃တို့ကို ပယ်ဖျက်ရမည်။

၃။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဂ)တွင် ပါရှိသော ဒဏ်ငွေ ပမာဏကို "five thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၈၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ်(က)တွင်ပါရှိသော ငွေပမာဏကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁)တွင်

(က) ပုဒ်မခွဲငယ်(ဇ)နှင့် ပုဒ်မခွဲငယ် (ဈ)တို့၌ ပါရှိသော ငွေပမာဏကို "ten thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲငယ် (ဈ) ၌ ပါရှိသော "a railway administration or" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ရန်ကုန်ဆိပ်ကမ်း ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်ဆိပ်ကမ်း နယ်မြေအတွင်း ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်မြစ်အတွင်း နစ်မြုပ်ကမ်းတင်နေသော ရေယာဉ်များဆယ်ယူပြီးစီးမှု ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အတူ ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦးနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်စိုးတို့က ရေလမ်းကြောင်း ရှင်းလင်းရေးနှင့် နစ်မြုပ်ရေယာဉ်ဆယ်ယူရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရန်ကုန်မြစ် ကြမ်းပြင်တိုင်းတာရေး၊ ရန်ကုန်မြစ်အတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် နစ်မြုပ်ကမ်းတင်ရေယာဉ်များ ရှင်းလင်းဆောင်ရွက်ပြီးစီးမှု၊ ဆိပ်ခံဇောတံတားများ ပြန်လည်တည်ဆောက်ပြီးစီးမှု၊ ရေလမ်းကြောင်းအတွင်းနှင့် ရေလမ်းကြောင်းပြင်ပတို့၌ နစ်မြုပ်ကမ်းတင်နေသော ရေယာဉ်များအနက် ၇၃ ရာခိုင်နှုန်း ရှင်းလင်းဆောင်ရွက်ပြီးစီးမှု၊ လုပ်ငန်းများဆက်လက်ဆောင်ရွက်နေမှုနှင့် ရန်ကုန်ဆိပ်ကမ်းအတွင်း အပြည်ပြည်ဆိုင်ရာသင်္ဘောများ ဝင်ထွက်ဆိုက်ကပ်နေမှုတို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စီမံဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးပြီး လိုအပ်သည်များကိုမှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဩဂုတ် ၂၉ ရက်)

ပြည်နယ်နှင့်တိုင်းများ ကွန်ရက်သဖွယ် ယှက်သွယ်သွားလာနိုင် ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးလာ

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ကြိုးပမ်းဖော်ဆောင်ရာ၌ ပြည်ထောင်စုတစ်ဝန်း အကြားအလပ်မရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဩဂုတ်၂၆ရက်က ဖွင့်လှစ်ခဲ့သော မြောင်ချောင်းတံတားသည် ၂၃၆စင်းမြောက် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

မြောင်ချောင်းတံတားသည် စစ်ကိုင်းတိုင်းနှင့်မကွေးတိုင်းအတွင်း ကလေး-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ်(၅၂/၆)နှင့် (၅၂/၇)ကြား၌ တည်ရှိသည်။ ယင်းတံတားကို ဖွင့်လှစ်နိုင်ခဲ့၍ မန္တလေး-မုံရွာ-ဂန့်ဂေါ-ကလေးလမ်းအတိုင်းနှင့် တံတားကိုဖြတ်ကျော်ပြီး ချင်းပြည်နယ် မြောက်ပိုင်းနှင့် တမူးမြို့တို့သို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားနိုင်ပြီ ဖြစ်သည်။

ဂန့်ဂေါ-ကလေးလမ်းသည် ယခင်ကယာဉ်ငယ်များသာ သွားလာနိုင်ခဲ့ပြီး မိုးတွင်းကာလ၌ ချောင်းရေကြီးမှုကြောင့် ခရီးသွားလာရေးတွင် ကြန့်ကြာမှုများ၊ အခက်အခဲများ ဖြစ်ပေါ်ခဲ့သည်။ မြောင်ချောင်းတံတား တည်ဆောက်ဖွင့်လှစ်နိုင်၍ ရာသီမရွေးသွားလာနိုင်ပြီး ဒေသခံပြည်သူတို့ လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်ကြပြီ ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးသီးနှံများကို ဒေသတစ်ခုမှတစ်ခုသို့ သယ်ယူပို့ဆောင်ပေးနိုင်ပြီး စိုက်ပျိုးရေးနည်းပညာများကိုလည်း ရရှိမည်ဖြစ်သည်။

တပ်မတော်အစိုးရလက်ထက်တွင် မြောင်ချောင်းတံတားသည် ပေ၁၈၀အထက်တံတား ၂၃၆စင်းမြောက် ဖွင့်လှစ်နိုင်ခြင်းဖြစ်ပြီး စစ်ကိုင်းတိုင်းအတွင်း ၁၉၈၈ခုနှစ်မတိုင်မီက ပေ၁၈၀အထက်တံတား ၂၂စင်းသာရှိခဲ့ရာမှ ယခုအခါ ပေ၁၈၀အထက်တံတား ၃၆စင်းရှိနေပြီဖြစ်သည်။

မြောင်ချောင်းတံတားသည် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းအကြား ဆက်စပ်သွားလာနိုင်သည့်အပြင် ချင်းပြည်နယ်မြောက်ပိုင်းအထိ သွားရောက်နိုင်ခြင်းဖြင့် ကွန်ရက်သဖွယ် ယှက်နွယ်နေပြီး စီးပွားရေးဖွံ့ဖြိုးမှုသာမက တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကိုပါ ပိုမိုခိုင်မြဲစေမည်ဖြစ်သည်။

နိုင်ငံတော်မှ တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားကို ရှေးရှု၍ တံတားများ တည်ဆောက်ဖွင့်လှစ် ပေးခဲ့ခြင်းဖြစ်ရာ တံတားများအရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**သစ္စာအသိရမှ ဒုက္ခဇာတိမလာမှာ** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၅-၁း၅၅	စိတ်၏စွမ်းအား Aikido အားကစား
၈း၁၀-၂း၁၀	International Video Topics (ဆာဟာရပုံပြင်-၁)
၈း၃၅-၂း၃၅	Multitude Of Market Forms
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅-၄း၂၅	လေ့လာသင်ကြား ဟိုတယ်လုပ်ငန်းများ
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၁၁း၀၅-၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	Art Vision (Fountain of Loving Kindness ပန်းချီပြပွဲ)
၁၁း၃၅-၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀-၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅-၅း၄၅	ချစ်သောမြေ ချစ်သောရေ(ရာဇာနေဝင်း၊ခိုင်နှင်းဝေ)(ဒါရိုက်တာခင်နွဲ့နွဲ့မူ)
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၂း၁၅-၆း၁၅	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ဒေါ်မြင့်မြင့်စိန်)
၁၂း၃၀-၆း၃၀	လှပသစ်ဆန်းအလှပြင်ခန်း (IMAGE Face & Body Care)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၉-၈-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅	၄။	မဟာဂီတချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	အမျိုးသားရေးတေးကဗျာ
၄း၄၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၈။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၉။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၃၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၅၈)ဇာတ်သိမ်းပိုင်း
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **ဝါဆိုစဉ်အရပ်ဒေသများ**
	၂၁။	စိုက်ပျိုးသုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်ခြင်းရဲ့နောက်ကွယ်** (အပိုင်း -၁၈)

ဓာတ်အားစနစ်မောင်းနှင်ရေးနှင့် ဓာတ်အားစနစ်ကာကွယ်မှု ဖွံ့ဖြိုးတိုးတက်လေ့လာမှုအစီအစဉ် Final Report စာအုပ်များပေးအပ်

နေပြည်တော် ဩဂုတ် ၂၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Korea Electric Power Corporation (KEPCO)တို့ပူးပေါင်း၍ ဓာတ်အားစနစ်မောင်းနှင်ရေးနှင့် ဓာတ်အားစနစ်ကာကွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး လေ့လာမှုအစီအစဉ် Final Report စာအုပ်များ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၁ရက်က အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(KOICA) ဌာနေကိုယ်စားလှယ် Mr.Kwang Geol CHO က Final Report စာအုပ်များကို လွှဲပြောင်းပေးအပ်ရာ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက လက်ခံသည်။**(ယာပုံ)**

အဆိုပါလေ့လာမှု အစီအစဉ်ကို ၂၀၀၆ ခုနှစ် ဧပြီလမှ ၂၀၀၈ခုနှစ် မတ်လအထိ ၂၄လသတ်မှတ်ပြီး ကိုရီးယားသမ္မတနိုင်ငံ အစိုးရက အမေရိကန်ဒေါ်လာ ၁ဒသမ ၄သန်း ကူညီမှုဖြင့် ကိုရီးယားသမ္မတနိုင်ငံ (KEPCO) ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ သာစည်၊ တောင်တွင်းကြီး၊ နေပြည်တော်ပျဉ်းမနား၊ တောင်ငူ၊ လှော်ကား၊ ကမာနတ် စသည့်ခွဲရုံကြီးများ၌ Power System Operation Power Project Protection များအတွက်လေ့လာစိစစ်မှုပြုလုပ်ပြီး Final Workshop ကို ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် နေပြည်တော်၌ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသမီးများ အလုပ်အကိုင်ရှာဖွေပေးခြင်းနှင့် စက်ချုပ်သင်တန်းဖွင့်ပွဲ လှိုင်သာယာ၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော အမျိုးသမီးများ အလုပ်အကိုင်ရှာဖွေပေးခြင်းနှင့် စက်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၂၆ရက် နံနက်၉နာရီခွဲက လှိုင်သာယာစက်မှုမြို့ ကနောင်ခန်းမတွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က တက်ရောက်အမှာစကား ပြောကြားပြီး**(ယာပုံ)** အလှူရှင်နှစ်ဦးက လှူဒါန်းသည့် တန်ဖိုးငွေကျပ် ၁၃၀၄၅၀တန်ဖိုးရှိ အပ်ချုပ်စက်သုံးစုံနှင့် မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးက အသင်းဝင် အဆိုပြုလွှာ အစောင်၁၅၀၀ကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်ကြသည်။ ထို့နောက် လှိုင်သာယာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်ခင်က အမျိုးသမီးများ အလုပ်အကိုင်ရှာဖွေပေးရခြင်း အခြေအနေများနှင့် သင်တန်းဖွင့်လှစ်ခြင်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး လှိုင်သာယာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ကျင်းပသည့် ကလေးငယ်များအား အာဟာရကျွေးမွေးခြင်း၊ စက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားခြင်းနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ စိုက်ပျိုးထားသည့် တိုင်းရင်းဆေးပင်များကို ဒေါ်ကြင်မြိုင်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှု အားပေးကြသည်။ **(မြို့နယ်မိခင်/ကလေး)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစိုးမြင့်အား အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြစ်သားချည်မျှင်စက်ရုံ

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့အထည်အလိပ်လုပ်ငန်း မြစ်သားချည်မျှင်စက်ရုံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

လုပ်ငန်းများသတ်မှတ်ရက်အတွင်း ပြီးစီးအောင်ဆောင်ရွက် ဝန်ကြီး ဦးအောင်သောင်း စက်ရုံစီမံကိန်းများစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဩဂုတ် ၂၄ရက် နံနက်ပိုင်းက ကျောက်ဆည်မြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိပြီး ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံမှူးများအား တွေ့ဆုံ၍ ကုန်ထုတ်လုပ်မှု ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်ရေး၊ ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဝင်းသူဇာအရောင်းဆိုင်(ကျောက်ဆည်)ကို ကြည့်ရှုစစ်ဆေးပြီး အရောင်းဆိုင်၌ ရောင်းကုန်ပစ္စည်း ပြတ်လပ်မှုမရှိစေရန်နှင့် အမယ်စုံ တင်ပို့ရောင်းချရန် မှာကြားသည်။

စံချိန်စံညွှန်း

ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် မြစ်သား ချည်မျှင်စက်ရုံစီမံကိန်း၌ ပင်မစက်ရုံအဆောက်အအုံနှင့် ဆက်စပ်မြို့ပြဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ ပင်မစက်ရုံအတွင်း မျက်နှာကြက်များ တပ်ဆင်ပြီးစီးမှု၊ စက်ပစ္စည်းများ တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပျော်ဘွယ်မြို့နယ်၌ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော ပျော်ဘွယ် ချည်မျှင်စက်ရုံစီမံကိန်း၌ မြို့ပြဆိုင်ရာအဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ စက်ပစ္စည်းများတပ်ဆင်မှု၊ လျှပ်စစ်မီးနှင့်ရေရရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပင်မစက်ရုံအဆောက်အအုံနှင့် မြို့ပြဆိုင်ရာအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်ဆိပ်ကမ်းနယ်မြေရှိ ဗိုလ်တထောင် အမှတ်(၆)ဇောတံတား၊ ရွှေတောင်အမှတ်(၂)ဇောတံတား၊ လမ်းသစ်ဇောတံတားနှင့် ကိုင်းတန်းအမှတ်(၁)ဇောတံတားများ၏ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှု၊ သင်္ဘောများဝင်ထွက်ဆိုက်ကပ်နေမှု၊ ကုန်စည်များ ပုံမှန်သွက်လက်မြန်ဆန်စွာ စီးဆင်းမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြစ်အတွင်း ရေယာဉ်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး၊ ကုန်စည်များ ပုံမှန်သွက်လက်မြန်ဆန်စွာ စီးဆင်းရေး၊ ကျန်ရှိလုပ်ငန်းများအား အမြန်ဆုံးပြီးစီးရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသွားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရိပ်သာနေ ကွယ်လွန်သူ မိခင်ဒေါ်ခင်သန်းနွဲ့ (၂)နှစ်မြောက်ရည်စူးပြီး ဦးခင်မောင်သောင်း၊ သားသမီး၊ မြေးတစ်စုတို့က လေးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ဘိုးဘွားများအား နေ့လယ်စာ ကျွေးမွေးရန်အတွက် ငွေကျပ်တစ်သိန်းတစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် အဖွဲ့ဝင်များ လှိုင်မြို့နယ် အမှတ်(၁၁)ရပ်ကွက် ပြည်လမ်းသွယ်ရှိ အမှတ်(၁၀) အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ကျောင်းသား ကျောင်းသူကလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(မြို့တော်စည်ပင်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျောင်းကျန်းမာရေးနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး၊ ပြန်ကြားရေးရာဌာနကြီးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းကျန်းမာရေးနှင့် အသိပညာပေးဟောပြောပွဲကို ဩဂုတ်၂၈ရက် နံနက်ပိုင်းက လှိုင်မြို့နယ် (၁၁)ရပ်ကွက် ပြည်လမ်းသွယ်ရှိ အမှတ်(၁၀) အခြေခံပညာမူလတန်းလွန် ကျောင်း၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ဒေသစည်းရုံးရေးမှူးများ၊ အဖွဲ့ခွဲခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကလေးအထူးကုဆရာဝန် ဒေါက်တာဒေါ်ခင်မာအေးနှင့် မျက်စိအထူးကုဆရာဝန် ဒေါက်တာဒေါ်နီလာသိန်းတို့က ကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် အခမဲ့စမ်းသပ်ကုသပေးကြသည်။

ပညာပေးဟောပြော

ထို့နောက် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် ခေါင်းဆောင်သည့် အဖွဲ့ဝင်များက ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း စာသင်ခန်းများ၌ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး တစ်ကိုယ်ရည်ကျန်းမာရေးနှင့် ယဉ်ကျေးလိမ္မာ အသိပညာပေးစကားပြောကြားကြသည်။

ယင်းနောက် ကျောင်းခန်းမ၌ ပဉ္စမတန်း၊ဆဋ္ဌမတန်း၊ သတ္တမတန်းကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှ အငြိမ်းစားပါမောက္ခ ဆရာမကြီး ဒေါ်မြမြဝင်းက ယဉ်ကျေးလိမ္မာ မျိုးမြန်မာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲမှ ဒေါက်တာ ဒေါ်ခင်သက်မြိုင်က ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် အသိပညာပေး ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှ လှူဒါန်းသည့် စာအုပ်ဒါဇင် ၅၀နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ လှူဒါန်းသည့် အမှိုက်ပုံး ၁၀ပုံးနှင့် အမှိုက်အိတ် ၁၅၀တို့ကို စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ကျောင်းအုပ်ဆရာမကြီးဒေါ်ဝါဝါခင်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၂၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၈

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၂၈)ကို ယနေ့ ထုတ်ဝေဖြန့်ချိထားသည်။

အဆိုပါမဂ္ဂဇင်းတွင် မင်းယုဝေ၊ ပျဉ်းမနားမြင့်လှိုင် ၊ ဒေါင်းနွယ်စိုး၊ အောင်မိုးနိုင်(သာစည်)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ပုဂံမွေးကြည်၊ အောင်သာစန်း(သံတွဲ)၊ ကနောင်မောင်မောင်တို့၏ ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်မြတ်သူ၊ ကေတုနီလာ၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာလှမောင်(စီးပွားရေး)၊ ကြည်ကြည်စိန်၊ အောင်ဘုန်းညို(ရွှေဘို)၊ သန်းထွန်း(စကု)၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ တက္ကသိုလ်နိုင်အောင်လင်း၊ နီငြိမ်း(အညာတက္ကသိုလ်)တို့၏ သုတဆောင်းပါးကဏ္ဍ၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ တက္ကသိုလ်သခ်တို့၏ လူငယ်ကဏ္ဍ၊ စန်းနီလာဝင်း၏ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတိုကဏ္ဍ၊ လေးဝတီကျော်၏ နိုင်ငံတကာ သုတရေးရာကဏ္ဍ၊ အောင်စိုး(တိ/ကု) အမျိုးသားစာပေဆုရ၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ မြမဉ္ဇူဝေ(ကျုံမငေး)၊ ထားမြတ်မာ(မြန်မာစာ)၊ ဓာတ်ပုံမောင်မောင်၊ အောင်ရန်နိုင်(B.Sc)၊ ဗိုလ်လောင်းလွင်ဘိုဘိုအောင်၊ ပန်းမြတ်ငယ်တို့၏ ရသဝတ္ထုတိုကဏ္ဍ၊ မောင်သိန်းဟန်၏ မြန်မာ့ဂန္ထဝင် ဝတ္ထုတိုကဏ္ဍ၊ မောင်အေးကို (ယမုံနာ)၏ ဗုဒ္ဓဝင်ကြေးမုံ ဝတ္ထုတိုကဏ္ဍ၊ မောင်မောင်မိုးအောင်၏ ဝတ္ထုရှည်ကဏ္ဍ၊ မောင်မောင်စန်း(ရန်ကုန်တက္ကသိုလ်)၊ ဦးခင်မောင်မြ (B.A, B.L)၊ တက္ကသိုလ်လှကြွယ်၏ အင်္ဂလိပ်ဆောင်းပါးကဏ္ဍ၊ မောင်မီဒီယာ၊ကိုရွှေတောသားတို့၏ ဟာသကဏ္ဍ၊ မောင်မောင်ညွှတ်၊ ငွေကြည်၊ သစ်ထွဏ်း၊ ကျော်ကျော်လွင်၊ မောင်မောင်စန်းလွင်တို့၏ကာတွန်းကဏ္ဍတို့ စုံလင်စွာ ဖော်ပြပါရှိသည်။ စာမူများပေးပို့လိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၄၅၅/၄၅၇) တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

ကန့်ဘလူမြို့ ရေပေးရေး တိုးချဲ့ဆောင်ရွက်

ကန့်ဘလူ ဩဂုတ် ၂၈

ကန့်ဘလူမြို့ပေါ် (၅)ရပ်ကွက် သန့်ရှင်းသော သောက်သုံးရေ ပေးဝေနိုင်ရန် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ ဂါလန် ၆၀၀၀ဆံ့ရေစင်မှ အိမ်သွယ်ရေတိုင် ၃၅၀နှင့် အများသုံးရေကန်သုံးကန်တို့အား နေ့စဉ်ရေဂါလန်သုံးသောင်း ဖြန့်ဝေပေးလျက်ရှိသည်။ ယခုအခါ ဂါလန် ၆၀၀၀ဆံ့ ရေစင်ထပ်မံတည်ဆောက်ပြီးဖြစ်သဖြင့် အိမ်သွယ်ရေတိုင် ၁၅၀ကို ရေမီတာတပ်ဆင်ပေးဝေလျက်ရှိပြီး ရေတိုင်များ တိုးချဲ့ပေးဝေနိုင်ရေးအတွက် အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ပြည်သူနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဥရောပမှ အမေရိကန်ဒုံးပျံ ကာကွယ်ရေး အစီအစဉ် စစ်ရေးအရ တုံ့ပြန်မည်ဟု ရုရှားသမ္မတပြောကြား

ဆိုချီ ဩဂုတ် ၂၈

အမေရိကန်၏ ဒုံးပျံကာကွယ်ရေး အစီအစဉ်အရ မိမိတို့နိုင်ငံနယ်စပ်အနီးတွင် အမေရိကန်ဒုံးပျံများ ဖြန့်ကြက်ခြင်းကို ရုရှားနိုင်ငံက စစ်ရေးအရ တုံ့ပြန်အရေးယူမည်ဖြစ်ကြောင်း ရုရှားသမ္မတဒီမီထရီမက်ဗီဒက်ဗ်က ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

ပိုလန်နိုင်ငံတွင် အမေရိကန်ဒုံးခွင်းဒုံး ၁၀ ခု ချထားရေးအတွက် ပိုလန်နိုင်ငံနှင့် သဘောတူညီချက်ကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က ပြီးခဲ့သည့်ရက်သတ္တပတ်က လက်မှတ်ရေးထိုးသည်။

ပြောကြား

ချက်သမ္မတနိုင်ငံ၌ ရေဒါစခန်းထားရှိရေးအပါအဝင် အမေရိကန်ဒုံးပျံ ကာကွယ်ရေးအစီအစဉ်မှာ အီရန်ကဲ့သို့ ရန်လိုသောနိုင်ငံများမှ ဒုံးကျည်များကို ကာကွယ်ရန်ဖြစ်သည်ဟု ပြောကြားသည်။

ခြိမ်းခြောက်

အမေရိကန် ဒုံးပျံများမှာ မိမိတို့ နယ်စပ်နှင့်နီးကပ်နေသည့်အတွက် မိမိတို့ကို ခြိမ်းခြောက်ရာကျကြောင်း ရုရှားသမ္မတ မက်ဗီဒက်ဗ်က အယ်ဂျာဇီးယား ရုပ်မြင်သံကြား၌ာနသို့ ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကမ္ဘာ့ အမြင့်ဆုံး ရှုမျှော်ခင်းကြည့်ခန်းမကြီး ရှန်ဟိုင်း ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံတွင် ဖွင့်လှစ်

ရှန်ဟိုင်း ဩဂုတ် ၂၈

တရုတ်နိုင်ငံ၏ အမြင့်ဆုံးမိုးမျှော်အဆောက်အအုံဖြစ်သည့် ရှန်ဟိုင်းကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ (အပေါ်ပုံ)**အထပ် ၁၀၀၌ ကမ္ဘာ့အမြင့်ဆုံး သဘာဝပတ်ဝန်းကျင်အလှအပများအား ကြည့်ရှုခံစားနိုင်သည့် ခန်းမကြီးကို အများပြည်သူအတွက် ဩဂုတ် ၂၄ ရက်က ဖွင့်လှစ်ပေးခဲ့သည်။**

အဆိုပါခန်းမကြီးမှာ မြေပြင်မှအမြင့် ၁၅၅၅ပေရှိသဖြင့် လာရောက်ကြည့်ရှုသူများအနေဖြင့် ရှန်ဟိုင်းမြို့တော်တစ်ခုလုံးအား ကောင်းကင်မှ ငှက်တစ်ကောင်ပျံသန်းရင်း ကြည့်ရှုသကဲ့သို့ ခံစားနိုင်ကြောင်း၊ ယင်းခန်းမကြီးအတွက် ဝင်ကြေးမှာတစ်ဦးလျှင် အမေရိကန်၂၂ဒေါ်လာ ကောက်ခံကြောင်း အရှေ့တိုင်းသတင်းစာတွင်ဩဂုတ် ၂၆ရက်က ဖော်ပြသည်။

ကုန်သွယ်

အထပ် ၁၀၁ထပ်ပါရှိပြီး အမြင့် ၄၉၂မီတာရှိ ရှန်ဟိုင်းကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံမှာ ယခုနှစ်စပိုင်းကတည်းက ပြီးစီးနေပြီဖြစ်ကာ တရုတ်နိုင်ငံ၏ မိုးမျှော်အဆောက်အအုံအဖြစ် သတ်မှတ်ခြင်းခံရသည်။

ဖော်ပြ

ရှန်ဟိုင်းကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံတွင် ရုံးခန်းများ၊ စတိုးဆိုင် ကြီးများ၊ အစည်းအဝေးခန်းမများနှင့် အဆင့်မြင့် ဟိုတယ်တစ်ခုပါရှိကြောင်း ယင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။**(အင်တာနက်)**

မြန်မာ့အလင်း ၂၈-၈-၂၀၀၈

အာဖရိကနိုင်ငံများ၏ လေကြောင်းဆိုင်ရာသတင်းပဒေသာ

ဘိုးရင်းလေယာဉ်သစ် ကင်ညာလေကြောင်းလိုင်းသို့ ရောက်ရှိ

နိုင်ရိုဘီ ဩဂုတ် ၂၈

ကင်ညာလေကြောင်းလိုင်း အနေဖြင့် ၂၀၀၇ ခုနှစ် ကင်မရွန်းနိုင်ငံတွင်ပျက်ကျခဲ့သည့် လေယာဉ်နေရာတွင် အစားထိုးပျံသန်းနိုင်ရန်အတွက် ဘိုးရင်း-၇၃၇-၈၀၀ လေယာဉ်သစ်တစ်စင်းကို ဩဂုတ်လဆန်းက လွှဲပြောင်းလက်ခံရရှိပြီဖြစ်သည်။ ယခုလက်ခံရရှိသည့် ဘိုးရင်းလေယာဉ်သစ်မှာ အာဖရိကလေကြောင်းခရီးစဉ် ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လေယာဉ်တစ်စင်းဖြစ်ကြောင်း ကင်ညာလေကြောင်းလိုင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လိုက်ဘေးရီးယား၌ လေဆိပ်သစ်တည်ဆောက်

မွန်ရိုးဗီးယား ဩဂုတ် ၂၈

လိုက်ဘေးရီးယားနိုင်ငံ ဒိုင်နယ်အိုဒူဘာမြို့၌ အပြည်ပြည်ဆိုင်ရာ လေဆိပ်အသစ်တည်ဆောက်မှု စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၉ ခုနှစ် ဧပြီတွင် စတင်ဆောက်လုပ်မည်ဖြစ်ပြီး အမေရိကန် ဒေါ်လာ ၁၈သန်း ကုန်ကျမည်ဖြစ်သည်။

တောင်အာဖရိကလေကြောင်းလိုင်း အာဖရိကအကောင်းဆုံးလေကြောင်းလိုင်းအဖြစ် သတ်မှတ်ခံရ

ဂျိုဟန်နစ္စဘတ် ဩဂုတ် ၂၈

တောင်အာဖရိကလေကြောင်းလိုင်း(အောက်ပုံ)**မှာ အာဖရိက၌အကောင်းဆုံး လေကြောင်းအဖြစ် နှစ်စဉ်ကမ္ဘာ့လေကြောင်းလိုင်း စောင့်ကြည့်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။ ဒုတိယနေရာ၌ ကင်ညာလေကြောင်းလိုင်းက လည်းကောင်း၊ တတိယနေရာ၌ အီသီယိုးပီးယား လေကြောင်းလိုင်းကလည်းကောင်း ဆွတ်ခူးရရှိကြောင်း သိရသည်။**

အာဖရိက လေကြောင်းလိုင်း တိုးမြှင့်ဆောင်ရွက်

နိုင်ရိုဘီ ဩဂုတ် ၂၈

အာဖရိက နိုင်ငံများတွင် လေကြောင်း သယ်ယူပို့ဆောင်ရေးကဏ္ဍတိုးမြှင့်ဆောင်ရွက်မှု အစီအစဉ်ကို အေစကိုင်းလေကြောင်းလိုင်းသည် အာဖရိကနိုင်ငံများရှိ စီးပွားရေးဆိုင်ရာ ကုန်သွယ်မှုဈေးကွက်များ၌ အဓိက ဝန်ဆောင်မှုပေးနိုင်သည့် လေကြောင်းလိုင်းအဖြစ် မြှင့်တင်လုပ်ဆောင်ရေးနှင့် အာဖရိကနိုင်ငံများ ကုန်သွယ်ရေးကဏ္ဍအတွက် အာဖရိက စီးပွားရေးနှင့် ငွေကြေးဆိုင်ရာ ဗဟို (စီအီးအမ်အေစီ)အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ကင်ညာ၊ ကင်မရွန်း၊ ချဒ်၊ ကွန်ဂို၊ အီကွေတိုရီယယ်ဂီနီနှင့် ဂါဘွန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးသည်။

ကင်ညာလေကြောင်း မဒါဂါစကာသို့ တိုက်ရိုက်ပျံသန်းမည်

နိုင်ရိုဘီ ဩဂုတ် ၂၈

ကင်ညာလေကြောင်းလိုင်း(ကေဂျူ)(အောက်ပုံ)အနေဖြင့် လာမည့် နိုဝင်ဘာလမှစတင်ကာ နိုင်ရိုဘီမြို့တော်မှ မဒါဂါစကာနိုင်ငံ မြို့တော်အန်တာနာနာရီဗိုသို့ တိုက်ရိုက်ပျံသန်းမည်ဖြစ်သည်။ ယခင်က ကင်ညာမှ တောင်အာဖရိက၊ တောင်အာဖရိကမှ မဒါဂါစကာသို့ လေကြောင်းခရီးစဉ် ပျံသန်းခဲ့ရာ ခုနစ်နာရီနီးပါး ကြာမြင့်ခဲ့ကြောင်း၊ ယခု တိုက်ရိုက်ပျံသန်းမှု အစီအစဉ်အရ အချိန်ထက်ဝက် လျှော့ချနိုင်မှာဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လတ်ဗီးယားနှင့် ဘယ်လ်ဂျီယံတို့ လေကြောင်းလိုင်း ပူးတွဲပျံသန်းမည်

ရီဂါ ဩဂုတ် ၂၈

လတ်ဗီးယားနိုင်ငံ ဘယ်လ်တစ်လေကြောင်းလိုင်းနှင့် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်လေကြောင်းလိုင်းတို့သည် အာဖရိကနှင့်ဥရောပနိုင်ငံများသို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ကာ ခရီးသည်တင် လေကြောင်းလိုင်းများ ပူးတွဲပျံသန်းပြေးဆွဲမည်ဖြစ်ပြီး အပတ်စဉ်အာဖရိက နိုင်ငံများသို့ လေကြောင်းခရီးစဉ် ၁၀ နှင့် ဥရောပနိုင်ငံများသို့ လေကြောင်းခရီးစဉ် ၃၀ ပျံသန်းမည်ဖြစ်သည်။

(ကိုးကား-အင်တာနက်၊ဆင်ဟွာ)

ပြောင်းရွှေ့လာသူ အာဖရိကတိုက်သား ၂၅ ဦး စပိန်ကမ်းလွန်၌ သေဆုံး

မက်ဒရစ် ဩဂုတ် ၂၈

အာဖရိကတိုက်မှ ပင်လယ်ပြင်ကို ရေယာဉ်ဖြင့် စွန့်စွန့်စားစားဖြတ်ကျော်ကာ စပိန်နိုင်ငံသို့ရောက်ရှိလာသူများအနက် အစာငတ်မွတ်မှု၊ ရေဆာမှု၊ ပြင်းထန်သောရာသီဥတုဒဏ်ခံရမှုတို့ကြောင့် အနည်းဆုံး ၂၅ ဦးသေဆုံးကြောင်း သိရသည်။

ကယ်ဆယ်လိုက်ရ

စပိန်နိုင်ငံတောင်ပိုင်း အယ်မာရီယာပြည်နယ် ကမ်းလွန်ဒေသမှ အသက်မသေကျန်ရစ်သူ အာဖရိကတိုက်သား ၂၅ ဦးကို ဩဂုတ် ၂၅ရက်က ကယ်ဆယ်လိုက်ရကြောင်း၊ ၎င်းတို့အထဲတွင် အမျိုးသမီး ငါးဦးနှင့်ကလေးသူငယ် ငါးဦးပါဝင်ကြောင်း သိရသည်။

ကြိုးပမ်းကြ

ဥရောပတွင် အလုပ်ရှာရန် နှစ်စဉ် ထောင်ပေါင်းများစွာသော အာဖရိကပြည်သူများမှာ ပင်လယ်ပြင်ကို ရေယာဉ်ငယ်များဖြင့်ဖြတ်ကာ စပိန်နိုင်ငံသို့ရောက်ရန်ကြိုးပမ်းကြသည်။ ထိုခရီးကြမ်းအတွင်း အသက်ဆုံးရှုံးမှုများ ကြုံရတတ်သည်။ **(အင်တာနက်)**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် ဘာလီဖက်ရှင်ပွဲတော်၌ တောင်ကိုရီးယားဒီဇိုင်နာ တီထွင်ဖန်တီးထားသည့် မင်္ဂလာဝတ်စုံကို ကိုယ်ဟန်ပြသူမောင်မယ်နှစ်ဦးက ဝတ်ဆင်ပြသနေသည်ကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ အမေရိကန်နှင့် အပေါင်းပါတို့ လေကြောင်းမှတိုက်ခိုက်မှု ကလေးငယ် ၆၀ ကျော်အပါအဝင် လူ ၁၀၀ ကျော်သေဆုံး

ကဘူးလ် ဩဂုတ် ၂၈

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းရှိ ဟီရတ်ပြည်နယ်အနောက်ပိုင်းဒေသများသို့ ပြီးခဲ့သည့်သီတင်းပတ်က အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူ ၁၀၀ကျော်ခန့် သေဆုံးခဲ့ကြောင်းသိရသည်။

သေဆုံး

သေဆုံးသူများတွင် ကလေးငယ် ၆၀ခန့် ပါရှိကြောင်း၊ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ စစ်ဆင်ရေးဆောင်ရွက်မှု တစ်ရပ်ပြုလုပ်စဉ် ယခုကဲ့သို့ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း အာဖဂန်နစ္စတန်အရာရှိများက ပြောကြားသည်။

တိုက်ခိုက်

အာဖဂန်နစ္စတန်တောင်ပိုင်းဒေသများတွင် ဩဂုတ် ၂၁ရက်မှ စတင်ကာ အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များက တာလီဘန်လက်နက်ကိုင်များ ခိုအောင်းရာနေရာများသို့ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ လူအများအပြားသေဆုံးခဲ့ရခြင်းဖြစ်သည်။

အများအပြား

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှုမရှိကြောင်း ပြောကြားခဲ့သော်လည်း ကလေးငယ်အများအပြား သေဆုံးခဲ့ရကြောင်း သိရသည်။ သို့သော် အမေရိကန်တို့က ဟီရတ်ပြည်နယ် ရှင်ဒန့်ခရိုင်တွင် လေကြောင်းမှ တိုက်ခိုက်မှုဖြစ်စဉ်၌ တာလီဘန်လက်နက်ကိုင် တိုက်ခိုက်ရေးသမား ၂၅ ဦး သေဆုံးပြီး အရပ်သား ငါးဦးသာသေဆုံးခဲ့ကြောင်း ပြောကြားသည်။

၁၀၀ ခန့်ရှိ

အာဖဂန်နစ္စတန် အရာရှိများကမူ အမေရိကန်တို့ ဗုံးကြဲတိုက်ခိုက်မှုကြောင့် သေဆုံးသူအရပ်သားဦးရေမှာ ၁၀၀ခန့်ရှိကြောင်း ပြောကြားသည်။ **(အင်တာနက်)**

နည်းပညာသိပ္ပံ

ဘလူးတု(ပ်)ကိရိယာသစ်

ကြိုးမဲ့စကားပြောခွက်ပါ နားကြပ်ကိရိယာဘလူးတု(ပ်)အသစ်တစ်မျိုးကို ဘလူးအင့် ကုမ္ပဏီက တီထွင်ထုတ်လုပ်လိုက်သည်။ အသံကြည်လင်ပြတ်သားမှုနှင့် တပ်ဆင်နားထောင်ရမှု အလွယ်ကူဆုံး ပြုလုပ်ထားသည်။

အဆိုပါ ကြိုးမဲ့နားထောင်စကားပြောနိုင်သည့် ဘလူးတုပ်သည် ယခင် ထုတ်လုပ်ခဲ့သည့် ဘလူးတု(ပ်)များထက် အဆင့်မြင့်အိုင်တီနည်းပညာများဖြင့် အသုံးပြုထုတ်လုပ်ထားခြင်းဖြစ်သည်။

တီထွင်ထား

အသုံးပြုထားသည့် ဘက်ထရီမှာလည်း တစ်ဆက်တည်း နာရီပေါင်း ၂၀၀ ခန့်အထိ အသုံးပြုသုံးစွဲနိုင်အောင် စွမ်းအားမြှင့်ပြီး ဓာတ်အားပြန်သွင်းမှုကိုလည်း အလွယ်တကူ ဖြည့်ဆည်းနိုင်အောင် တီထွင်ထားသည်။

ထို့အပြင် အဆိုပါကြိုးမဲ့နားထောင် စကားပြောကိရိယာသည် ကားမောင်းရင်း၊ လမ်းလျှောက်ရင်းနှင့် အလုပ်လုပ်ရင်း လွတ်လပ်စွာ ပြောဆိုနိုင်ရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြောဆိုဆက်သွယ်မှုများကို လက်ခံပြောဆို နားထောင်နိုင်ကြောင်း သိရသည်။ **(အင်တာနက်)**



ဂျပန်နိုင်ငံ တိုကျိုမြို့တွင် စက်ရုပ် စွမ်းရည်ယှဉ်ပြိုင်ပွဲ ကျင်းပနေသည်ကို ဩဂုတ် ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘောဒီးယားတွင် ကုန်ဈေးနှုန်းများ ကြီးမြင့်မှုကြောင့် လယ်ကြွက်သားများ ဈေးကွက်ဝင်ပြီး ဈေးမြင့်လာ

ဖနောင်ပင် ဩဂုတ် ၂၈

ယခုနှစ်တွင် ကမ္ဘောဒီးယား၌ အခြားသားငါးဈေးနှုန်း ကြီးမြင့်လာမှုကြောင့် ကြွက်သား ဈေးနှုန်းမှာ လေးဆအထိ မြင့်တက်ခဲ့ကြောင်း သက်ဆိုင်ရာ အရာရှိများက ဩဂုတ် ၂၇ရက်တွင် ပြောကြားခဲ့သည်။

ကြွက်သားစားသုံးမှု များပြားလာခြင်းကြောင့် ဈေးကွက်တွင် ဝယ်လိုအား ပိုမိုလာကြောင်း၊ မနှစ်က ကြွက်သားတစ်ပေါင်လျှင် ၁၂၀၀ရစ်ပယ်သာ ရှိရာမှ ယခုအခါ ရစ်ပယ် ၅၀၀၀အထိ ဈေးတက်လာပြီး စားသုံးကုန်ဈေးနှုန်းမှာ ၃၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း ကမ္ဘောဒီးယားဗဟိုဘဏ်၏ ခန့်မှန်းခြေစာရင်းတွင် ဖော်ပြထားသည်။

အမဲသား တစ်ကီလိုလျှင် ရစ်ပယ် ၂၀၀၀၀ကုန်ကျချိန်တွင် ဟင်းခတ်အမွှေးအကြိုင် ကြက်သွန်ဖြူများဖြင့် ချက်ပြုတ်ထားသော လယ်ကြွက်သားဟင်းတစ်ခွက်သည် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နယ်စပ်ဒေသမှ တောသူတောင်သားများအတွက် အထူးဟင်းလျာတစ်ခွက်အဖြစ် နှစ်ခြိုက်စွာ စားသုံးနေကြကြောင်း ကို့သွန်ခရိုင်မှ အရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

အင်တာနက် ကျန်းမာရေး

အသားညှပ်ပေါင်မုန့်များ နေ့စဉ်စားသုံးပါက အူမကြီးကင်ဆာဖြစ်ပွားနိုင်ဟုဆို

အသားညှပ်ပေါင်မုန့်များကို နေ့စဉ် စားသုံးလေ့ရှိသူများသည် အူမကြီးကင်ဆာဖြစ်ပွားရန် အခွင့်အလမ်းပိုများကြောင်း အမေရိကန်သုတေသနပညာရှင်များက သတိပေးပြောကြားလိုက်သည်။

များပြား

ယနေ့ကမ္ဘာ့နိုင်ငံအများအပြားတွင် အသားညှပ်ပေါင်မုန့်များကို စားသုံးမှု တစ်နေ့တခြား ပိုမိုများပြားလာလျက်ရှိရာ နိုင်ငံအလိုက် အူမကြီးကင်ဆာဖြစ်ပွားမှုဦးရေလည်း တိုးမြင့်လာခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

သတိပေး

ဟော့ဒေါ့အပါအဝင် အသားများကို ကြော်လှော်ချက်ပြုတ်ကာ တာရှည်ခံအောင်ထားရှိသော အသားညှပ်မုန့်များတွင် ကြာရှည်ခံ ဓာတုဗေဒပစ္စည်းများ၊ အရောင်ဆိုးဆေးများကို ခေတ်မီနည်းပညာဖြင့် ပေါင်းစပ်ပြုလုပ်ထားသဖြင့် စားသုံးသူများအတွက် အူမကြီးကင်ဆာ ဖြစ်ပွားစေနိုင်ကြောင်း သတိပေးထားသည်။

နေ့စဉ် အသားညှပ်ပေါင်မုန့်စားသုံးသူ ၁၀၀၀၀ကို သုတေသနပြုခဲ့ရာတွင် ၂၁ ရာခိုင်နှုန်းမှာ အူမကြီးကင်ဆာဖြစ်ပွားကြသည်ကို တွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ချော့လိုက်ပုံက.... | ဘဝအမောပြေ

စူပါမားကတ်ကြီးတစ်ခုတွင် ဈေးဝယ်နေသော အမျိုးသားတစ်ဦးသည် အော်ဟစ်ငိုယိုနေသော ၎င်း၏သားငယ်ကို ဈေးဝယ်တွန်းလှည်းအတွင်းထည့်ကာ တွန်းပြီး ချော့မြူလျက် ရှိသည်။

အမျိုးသား ။ ။ "စိတ်တင်းထား အဲလ်ဘတ်..."

သားငယ် ။ ။ သားငယ်က ဆက်လက်ငိုနေဆဲ။

အမျိုးသား ။ ။ "မရှက်နဲ့ အဲလ်ဘတ်..."

သားငယ် ။ ။ အော်ဟစ်ငိုယိုနေသဖြင့် ဘေးလူများက ဝိုင်းကြည့်နေကြသည်။

အမျိုးသား ။ ။ "ဘယ်သူ့မှ ဂရုမစိုက်နဲ့ အဲလ်ဘတ်"

သားငယ် ။ ။ ပိုမိုကျယ်လောင်စွာ ငိုယိုနေမြဲ

အမျိုးသား ။ ။ "ဘယ်သူ့ကိုမှ မကြည့်နဲ့ အဲလ်ဘတ်"

သားငယ် ။ ။ မရပ်မနား ဆက်လက်ငိုနေသဖြင့်...

အနီးရှိ အမျိုးသမီးကြီးတစ်ဦးက မေးလေသည်။

အမျိုးသမီးကြီး ။ ။ ဒါထက်... ရှင့်ကလေးအမည်က အဲလ်ဘတ်လား...

အမျိုးသား ။ ။ မဟုတ်ဘူး... ကျွန်တော့်နာမည်ပါ။

အမျိုးသမီးကြီး ။ ။ "ရှင်"

ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် စီးပွားရေးဖွံ့ဖြိုးမှုဇုန် စီမံကိန်းထူထောင်မည်

ဖနောင်ပင် ဩဂုတ် ၂၈

ကမ္ဘောဒီးယား၊လာအိုနှင့် ဗီယက်နမ်တို့သည် သုံးနိုင်ငံကုန်သွယ်မှုဆိုင်ရာ စီမံကိန်းတစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ၌ စီးပွားရေးဖွံ့ဖြိုးမှုဇုန်များ အကောင်အထည်ဖော် လုပ်ဆောင်သွားနိုင်ရေးအတွက် လာမည့်လအတွင်း၌ ၎င်းနိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးတို့ ဖနောင်ပင်မြို့၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဩဂုတ် ၂၆ ရက်တွင် ပြည်နယ်မီဒီယာက သတင်းထုတ်ပြန်သည်။

ထောက်ပံ့

ယခင်နှစ်က ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဖွံ့ဖြိုးမှုဇုန် (စီအယ်လ်ဗွီ)တွေ့ဆုံစည်းဝေးပွဲ၌ သုံးနိုင်ငံအတွင်း ပြည်နယ် ၁၀ခု၏ ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းစဉ်၌ ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာသန်း ၂၀ ထောက်ပံ့ကူညီခဲ့သည်။

ရင်းနှီးမြှုပ်နှံ

ယင်းဖွံ့ဖြိုးမှုဇုန် စီမံကိန်းလုပ်ငန်းအတွက် ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်းနှင့် ဗီယက်နမ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅သန်း ရင်းနှီးမြှုပ်နှံလျက်ရှိရာမှ ၎င်းဖွံ့ဖြိုးရေးဇုန်ပြည်နယ်များ၌ လမ်းသစ်ဖောက်လုပ်မှု စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁ဒသမ၅သန်း ထပ်မံရင်းနှီးမြှုပ်နှံလျက်ရှိသည်။ **(အင်တာနက်)**

သူတို့အတွေးနှင့်အမြင်

* ***Most people spend more time and energy in going around problems than in trying to solve them.***

လူအတော်များများသည် ၎င်းတို့၏ပြဿနာများကို ဖြေရှင်းရန်ကြိုးစားအားထုတ်ကြရမည့်အစား ဝေ့လည်လည်ဖြစ်နေခြင်းဖြင့် ၎င်းတို့၏ အချိန်များနှင့် ခွန်အားများကို ဖြုန်းတီးပစ်လေ့ရှိကြသည်။

ဟင်နရီဖို့ဒ် (ပြင်သစ်လူမျိုး အတွေးအခေါ်ပညာရှင်)

* ***As the saying is. So many heads so many wits.***

လူအမျိုးမျိုး စိတ်အထွေထွေဆိုသည်မှာ ဆိုရိုးစကားအတိုင်းပင်ဖြစ်သည်။

အယ်လီဇဘတ်(၁) (အင်္ဂလန်နိုင်ငံဘုရင်မ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

နိုင်ငံတကာ မှုခင်း

သားသမီးအတွက် ရတက်မီးတောက်လောင်ခဲ့ရာဝယ်....

အော်လန်ဒိုမြို့လေးသည် ဖလော်ရီဒါပြည်နယ် အလယ်ပိုင်းရှိ လူဦးရေလေးသိန်းကျော်နေထိုင်သော မြို့ငယ်တစ်မြို့ဖြစ်သည်။ အတန်အသင့်စည်ကားပြီး စီးပွားရေးအချက်အချာကျသော မြို့လေးဖြစ်သည်။

လက်ထပ်ခဲ့ကြ

ထိုမြို့လေးတွင် အသက်(၄၅)နှစ်အရွယ် ဂျို့စ်ဘာအက်အမည်ရှိ ဆရာဝန်တစ်ဦးနှင့် အသက်(၂၂)နှစ်အရွယ်ရှိ ကာဆေးအန်သိုနီဘာအက်**(ယာပုံ)**အမည်ရှိ မိန်းကလေးတို့ ဇနီးမောင်နှံနေထိုင်ကြသည်။ ဒေါက်တာဂျို့စ်ဘာအက်နှင့် ကာဆေးတို့သည် လွန်ခဲ့သော လေးနှစ်ဖြစ်သည့် ၂၀၀၄ခုနှစ်က မေတ္တာမျှကြကာ လက်ထပ်ခဲ့ကြသည်။ အိမ်ထောင်သက်တစ်နှစ်အတွင်း သားသမီးယူခဲ့ကြရာ ၂၀၀၅ခုနှစ်တွင် ကေလီအန်သိုနီဘာအက်အမည်ရှိ သမီးလေးတစ်ဦးအား မွေးဖွားခဲ့ကြပြီး ၂၀၀၈ခုနှစ်တွင် သုံးနှစ်အရွယ်သို့ ရောက်ရှိကာ စကားအလွန်တတ်ပြီး မတ်တတ်ပြေးနေပြီဖြစ်သည်။

သက်သေပြနေ

ဂျို့စ်နှင့် ကာဆေးတို့သည် အသက်အရွယ် ကွာဟမှုရှိသော်လည်း တစ်ဦးအပေါ်တစ်ဦးလွန်စွာချစ်ခင်စုံမက်ကြကာ သစ္စာတရားကြီးမားကြသည်။ တစ်ဦးတည်းသော သမီးဦးလေး ကေလီအပေါ်တွင်လည်း အချစ်ပိုခဲ့ကြသည်။ သူတို့ဇနီးမောင်နှံ၏ အိမ်ထောင်သက် တစ်လျှောက်လုံးတွင် အိမ်ထောင်ရေးပြဿနာ လုံးဝမပေါ်ပေါက်ခဲ့ခြင်းက သူတို့နှစ်ဦး၏ တစ်ဦးအပေါ်တစ်ဦး မည်မျှအပေးအယူမျှကြသည်ကို သက်သေပြနေပေသည်။

သို့သော်လည်း ၂၀၀၈ ခုနှစ် ဇွန် ၉ ရက်တွင် သူတို့မိသားစုသုံးဦး၏ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ ဘဝလေးအတွင်းသို့ ကံကြမ္မာမုန်တိုင်း ဝင်ရောက်မွှေနှောက်ဖျက်ဆီးခဲ့လေသည်။ အကြောင်းမှာ သူတို့ဇနီးမောင်နှံ၏ အချစ်စုဘူးလေးဖြစ်သည့် အသည်းကျော် သမီးလေး ကေလီသည် သူတို့နေထိုင်ရာအိမ်မှ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားခဲ့သောကြောင့်ပင် ဖြစ်သည်။ သူတို့ဇနီးမောင်နှံမှာ တစ်ဦးတည်းသော သမီးလေး ကေလီအတွက် ယူကျုံးမရ ဝမ်းနည်းပက်လက် ခံစားခဲ့ကြရသည်။

တစ်ပူပေါ်နှစ်ပူဆင့်

ထိုသို့ ခံစားနေကြရချိန်မှာပင် ဂျို့စ်ဘာအက်၏ဇနီး ကာဆေးအား သုံးနှစ်အရွယ် ကေလီပျောက်ဆုံးမှုနှင့်ပတ်သက်၍ သားသမီးအား ဂရုမစိုက်မှု၊ တာဝန်ရှိသူများအား အချိန်မီသတင်းမပေးခဲ့မှု၊ လွဲမှားစွာထွက်ဆိုမှုနှင့် တာဝန်ဝတ္တရား နှောင့်ယှက်မှုတို့ဖြင့် တရားရုံးက တရားစွဲဆိုခဲ့သည်။ အကြောင်းမှာ ကေလီပျောက်ဆုံးချိန်တွင် ခင်ပွန်းဖြစ်သူ ဒေါက်တာဂျို့စ်ဘာအက်မှာ ဆေးရုံတွင်တာဝန်ကျနေပြီး ဇနီးသည်ကာဆေးနှင့် သမီးကေလီတို့သာ တိုက်ခန်းတွင် ကျန်ရစ်ခဲ့ကြသောကြောင့် ဖြစ်သည်။ ထိုသို့ တရားစွဲဆိုခံခဲ့ရခြင်းကြောင့် ဂျို့စ်နှင့်ကာဆေးတို့ ဇနီးမောင်နှံမှာ သမီးလေးကေလီအတွက် ဝမ်းနည်းပူဆွေးနေရချိန်တွင် တစ်ပူပေါ်နှစ်ပူဆင့် ဖြစ်ခဲ့ရသည်။

စီရင်ချက်ချမည်

ယခုနှစ် ဩဂုတ် ၂၁ရက်ကမူ တရားရုံးတွင် ရင်ဆိုင်နေရသော ကာဆေး အား အာမခံဖြင့်လွှတ်ပေးခဲ့လေသည်။ ကာဆေးသည် ကေလီပျောက်ဆုံးပြီး တစ်လကျော်သည်အထိ သက်ဆိုင်ရာသို့သတင်းမပို့ခဲ့ဟု ဆိုသည်။ ၎င်း၏အိမ်နီးချင်းတစ်ဦးကမူ ကာဆေးသည် ပြီးခဲ့သည့် ဇွန်လအတွင်းက သူမထံမှ ငေါ်ပြားငှားခဲ့ကြောင်း တရားရုံးတွင် ထွက်ဆိုသကဲ့သို့ ကာဆေး၏အဖေကလည်း ကာဆေးသည် သူ၏ဂိုထောင်အတွင်းမှ ဓာတ်ငွေ့အိုးနှစ်အိုး ယူဆောင်သွားခဲ့ကြောင်း၊ ထို့အပြင် သူမ၏ ကားပစ္စည်းခန်းမှ ပစ္စည်းတစ်စုံတစ်ရာယူမည် အလုပ်တွင်လည်း မယူရန်ငြင်းဆိုခဲ့ကြောင်း ထွက်ဆိုခဲ့သဖြင့် ကေလီအန်သိုနီဘာအက်ပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး ကာဆေးအား သံသယရှိခဲ့ကြခြင်းဖြစ်သည်။ ၎င်းအား ဇူလိုင်လလယ်က ဖမ်းဆီးခဲ့ပြီး ဩဂုတ်၂၁ရက် ရောက်မှ အာမခံဖြင့် လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ အက်ဖ်ဘီအိုင်၏ စမ်းသပ်စစ်ဆေးမှုများ ပြီးဆုံးလျှင် သူမအားစီရင်ချက်ချမည် ဖြစ်သည်။

ယခုဖြစ်ရပ်တွင် သမီးဖြစ်သူ ကေလီအန်သိုနီဘာအက် ပျောက်ဆုံးမှုကြောင့် သားသမီးအတွက် ရတက်မီး တောက်လောင်နေကြရသော ဒေါက်တာဂျို့စ်ဘာအက်နှင့် ကာဆေးအန်သိုနီဘာအက်တို့ ဇနီးမောင်နှံသည် ဇနီးသည်ကာဆေး ထပ်မံအဖမ်းခံရသည့်အတွက် တစ်ပူပေါ်နှစ်ပူဆင့်ခဲ့ရသောအဖြစ်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက် ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ပြည်နယ်နှင့်တိုင်း အလွတ်တန်းနှင့် ယူ-၁၈ ဘတ်စကက်ဘော အကြိုဗိုလ်လုပွဲများ အကြိတ်အနယ်ယှဉ်ပြိုင် ယူ-၁၈ ချန်ပီယံ ရန်ကုန်တိုင်းအသင်း ဗိုလ်လုပွဲတက်လာ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင် — စာမျက်နှာဖွဲ့စည်းမှု-သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၈

၂၀၀၈ခုနှစ် (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲနှင့် စတုတ္ထ

မန္တလေးတိုင်းအသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းဘက်သို့ ထိုးဖောက်ဂိုးသွင်းစဉ်။ (မြန်မာ့အလင်း)

အကြိမ်မြောက် အသက်(၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲအကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

တက်ရောက်

ပြည်နယ်နှင့် တိုင်း ယူ-၁၈ ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များ အပြီးတွင် ဗိုလ်လုပွဲသို့ လက်ရှိချန်ပီယံ ရန်ကုန်တိုင်း အမျိုးသားအသင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသားအသင်း၊ လက်ရှိချန်ပီယံ ရန်ကုန်တိုင်း အမျိုးသမီးအသင်းနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းတို့ တက်ရောက်သွားကြသည်။ ကျင်းပပြီးစီးသွားသည့် ပြည်နယ်နှင့် တိုင်း ယူ-၁၈ ပြိုင်ပွဲ သုံးကြိမ်စလုံးတွင် ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီး အသင်းတို့ကသာ သုံးနှစ်ဆက်တိုက် ဗိုလ်စွဲထားခြင်းဖြင့် ပြိုင်ပွဲကို ကြီးစိုးထားသည်။ ယင်းအသင်းများ၏ လေးနှစ်ဆက်တိုက် ဗိုလ်စွဲရေးအိပ်မက်များကို ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသားအသင်းနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းတို့ ချေဖျက်နိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမည် ဖြစ်သည်။ ယူ-၁၈ အကြိုဗိုလ်လုပွဲ အမျိုးသား ပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ပဲခူးတိုင်းကို ၈၁-၃၆ မှတ်ဖြင့် အမှတ်အပြတ်အသတ်ဖြင့် အနိုင်ရရှိသွားသလို ရှမ်းပြည်နယ်(မြောက်ပိုင်း)ကလည်း စစ်ကိုင်းတိုင်းကို ၇၄-၃၀ ဖြင့် အနိုင်ရရှိခဲ့သည်။ အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ပဲခူးတိုင်းကို ၆၆-၂၃မှတ်၊ စစ်ကိုင်းတိုင်းက ဧရာဝတီတိုင်းကို ၇၁-၃၁မှတ်တို့ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အမှတ်ပြတ်

အလွတ်တန်းပြိုင်ပွဲ၏ အမျိုးသမီး အကြိုဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ စစ်ကိုင်းတိုင်းအသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းကို ၉၆-၃၉ မှတ်ဖြင့် အနိုင်ရရှိသွားသည်။ ပြိုင်ပွဲတစ်လျှောက် လက်စွမ်းပြနေပြီး ချန်ပီယံဘွဲ့ ကာကွယ်နိုင်ရန် ကြိုးစားနေသည့် စစ်ကိုင်းတိုင်းအသင်းမှာ ယခုပွဲတွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)ကို အသာစီးမှ ကစားကာ အမှတ်ပြတ်ဖြင့် အနိုင်ရရှိသွားခြင်း ဖြစ်သည်။ အမျိုးသား အကြိုဗိုလ်လုပွဲတွင် မန္တလေးတိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)ကို ၉၅-၅၁ မှတ်ဖြင့် အမှတ်ပြတ် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ပွဲအစပိုင်းတွင် လက်ရည်တူသော်လည်း နောက်ပိုင်းတွင် မန္တလေးတိုင်းက အသာရကာ ဂိုးသွင်းသေချာသဖြင့် အမှတ်ပြတ်သွားခဲ့ခြင်း ဖြစ်သည်။

ပွဲကောင်းများဖြစ်လာနိုင်

ပြည်နယ်နှင့် တိုင်း ယူ-၁၈ ပြိုင်ပွဲနှင့် အလွတ်တန်း ပြိုင်ပွဲ ဗိုလ်လုပွဲ လေးပွဲကို ဩဂုတ် ၂၉ရက် **(ယနေ့)** နံနက်၉နာရီမှ စတင်ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲဖြစ်သည်နှင့်အညီ အကြိတ်အနယ် ပွဲကောင်းများ ဖြစ်လာနိုင်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းက မန္တလေးတိုင်း အသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားပျော့

ရန်ကုန် ဩဂုတ် ၂၈

ဩဂုတ်၂၇ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်လျှင် နယူးဇီလန်မြောက်ပိုင်းဒေသတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ချီဗိုမြို့တွင် ရေလွှမ်းမှုများဖြစ်ပေါ်ခြင်း၊ ဟေတီတောင်ပိုင်း၌ ဟာရီကိန်းမုန်တိုင်းတိုက်ခတ်ခြင်း၊ ဗြိတိန်နိုင်ငံ အိုင်ဒါဟိုဒေသတွင် တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ်များ ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ရသည်ကို တွေ့ရှိရသည်။

ဩဂုတ် ၂၈ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်လျှင် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာသွန်းခဲ့ပြီး ကရင်ပြည်နယ်၌ နေရာကျဲကျဲမိုးရွာသွန်းခဲ့သည်။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာသွန်းခဲ့သည်။ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဩဂုတ် ၂၈ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

ရွှေကျင်	၂	ဒသမ	၇၂	လက်မ
ကျောက်တော်	၁	ဒသမ	၈၉	လက်မ
ဘီးလင်း	၁	ဒသမ	၅၇	လက်မ
ပဲခူး	၁	ဒသမ	၅၇	လက်မ
လှိုင်လင်	၁	ဒသမ	၁၈	လက်မ

ဩဂုတ် ၂၉ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုဖြစ်စဉ်ကို ခန့်မှန်းရပါက ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်သည်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲမိုးရွာနိုင်ပြီး ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဩဂုတ်၂၉ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားပျော့နေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပီတ်သတင်း

အိန္ဒိယအရှေ့ပိုင်း ဘီဟာပြည်နယ်၌ ရေလွှမ်း ၄၆ဦးသေဆုံး၊ နေအိမ်များရေနစ်မြုပ်

မွမ်ဘိုင်း ဩဂုတ် ၂၈

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်တွင် ဩဂုတ် ၂၈ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း**(အပေါ်ပုံ)** အိန္ဒိယနိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

သေဆုံး

အဆိုပါရေလွှမ်းမှုကြောင့် နေအိမ်များ ရေနစ်မြုပ်ခဲ့ပြီး ဒေသခံပြည်သူ နှစ်သန်းခန့် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း၊ ထို့အတူ မြစ်ရေလျှံမှုများကြောင့်လည်း အနည်းဆုံး ၄၆ဦးခန့် သေဆုံးခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ကယ်ဆယ်ရေး

ရေဘေးဒုက္ခကြုံတွေ့နေရသူများအား ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ပေးနေရကြောင်း၊ ရဟတ်ယာဉ်များ၊ လှေများအသုံးပြု၍ ကယ်ဆယ်ရေးများ ပြုလုပ်ပေးနေကြောင်း သိရသည်။

ဂူတာ့ဗ်ဟာရီကိန်းမုန်တိုင်း ဂျမေကာသို့ မွှေနှောက်တိုက်ခတ် လူ ၂၃ဦးသေဆုံး၊ နေအိမ်များပျက်စီး

ဟာဗားနား ဩဂုတ် ၂၈

ဟေတီနိုင်ငံတောင်ပိုင်းသို့ ဩဂုတ် ၂၇ရက် နံနက်က ဂူတာ့ဗ်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ နှစ်ဦးသေဆုံးပြီး နေအိမ်များ ပျက်စီးခဲ့ကြောင်း ဟေတီနိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။ (ဩဂုတ် ၂၈ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ၆)။

တစ်နာရီ မိုင် ၈၀ နှုန်း

အဆိုပါသတင်းနှင့်ပတ်သက်၍ ဆက်လက် သိရှိရသည်မှာ ဂူတာ့ဗ်ဟာရီကိန်းမုန်တိုင်းကြောင့် ဟေတီနိုင်ငံတွင် ၂၃ဦးခန့်သေဆုံးပြီး အများအပြား ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ၎င်းမုန်တိုင်းသည် ဂျမေကာနှင့် ကျူးဘားနိုင်ငံများသို့ ဦးတည်တိုက်ခတ်သွားကြောင်း၊ ထိုသို့တိုက်ခတ်ရာတွင် တစ်နာရီလျှင်မိုင် ၈၀ နှုန်းဖြင့် တိုက်ခတ်သွားခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ မက္ကဆီကိုပင်လယ်ကွေ့ရှိ ရေနံလုပ်ငန်းများလည်း ထိခိုက်မှုရှိခဲ့ကြောင်း သိရသည်။

နီပေါ ခတ္တမန္ဒူမြို့အနောက်ဘက်၌ မြေပြို ကိုးဦးသေဆုံး၊ နေအိမ်အချို့ပျက်စီး

ခတ္တမန္ဒူ ဩဂုတ် ၂၈

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့အနောက်ဘက် ဘာဟန်းခရိုင်တွင် ဩဂုတ် ၂၈ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း နီပေါအရာရှိများက ပြောကြားသည်။

ဆောင်ရွက်ပေး

မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းမှုကြောင့် ဘာဂျူရာခရိုင် ဂျာဂန်နက်ကျေးရွာတွင်လည်း မြေပြိုမှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)** ထိုသို့ မြေပြိုမှုကြောင့် နေအိမ်အချို့ ပျက်စီးသွားပြီး ကယ်ဆယ်ရေးအဖွဲ့များက မြေပြိုမှုဖြစ်ပွားသည့်နေရာများသို့ သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆင်းရွှေလီမိုးစပါး စိုက်နည်းမှန် သရုပ်ပြပွဲ ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ်တွင် ကျင်းပ

သိန်းနီ ဩဂုတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် ဆင်းရွှေလီမိုးစပါး စိုက်နည်းမှန်သရုပ်ပြပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက် ၈ နာရီက မြို့မကွင်း တောင်သူဦးမိုင်ငင်း၏ လယ်ဧရိယာ၄၂၄ဧကတွင် ကျင်းပရာ ကောက်စိုက်အဖွဲ့အင်အား ၅၀ ဖြင့် စိုက်ပျိုးပြသကြသည်။

ကြည့်ရှုအားပေး

စိုက်နည်းမှန်သရုပ်ပြပွဲ အခမ်းအနားသို့ သိန်းနီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုစုပေါင်းအင်အား ၁၀၀ခန့် တက်ရောက်ကြည့်ရှု အားပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (မြို့နယ် ပြန်/ဆက်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

■ *ကျောဖုံးမှ*

ကောက်စိုက်စွမ်းရည်ပြပွဲ

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် နန္ဒာကျေးရွာမှ တောင်သူဦးမောင်မှူး၏ လယ်သုံးဧကစိုက်ခင်း၌ကျင်းပသည့် ပုသိမ်ကြီးမြို့နယ်၏ ၂၀၀၈-၂၀၀၉ မိုးစပါး ကောက်စိုက်စွမ်းရည်ပြပွဲတွင် ကောက်စိုက်သမများ၏ သရုပ်ပြ စိုက်ပျိုးနေမှုကို လည်းကောင်း၊ စိုက်ခင်းအနီး ခင်းကျင်းပြသထားသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တီထွင်ထုတ်လုပ်သည့် လယ်ယာသုံးဇီဝဓာတ်မြေဩဇာများနှင့် စိုက်ပျိုးရေးသုံးဆေးပစ္စည်းများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မန္တလေးမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံပြီး မန္တလေးမြို့ မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ဆုတောင်းပြည့်ရင်ပြင် အုတ်ပေါင်းကူးအမိုးများ ပြုပြင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၌ ငါးထပ်ဆောင် ဆေးရုံသစ်ကြီး တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့ ၈၄လမ်း၊ ၃၆လမ်း×၃၇လမ်းကြားရှိ ကတ္တရာလမ်း တိုးချဲ့ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပတ်လမ်းအနီးရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ (မန္တလေး) သို့ ရောက်ရှိကာ ဆေးရုံကြီးအထွေထွေ အသုံးစရိတ်အတွက် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ဆေးရုံအတွင်းရှိ ဆေးကုသခန်းများ၊ ဆေးပေးဌာန၊ ဓာတ်ခွဲခန်းနှင့် ခွဲစိတ်ကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကတ္တရာလမ်းတိုးချဲ့

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မန္တလေးမြို့ ၆၅လမ်းတွင် သိပ္ပံလမ်းမှ မနော်ဟရီလမ်းအထိ လမ်းအရှည်ပေ ၆၇၀၀၊ အကျယ်၂၂ပေ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းကျင်းနေမှု အခြေအနေနှင့် မဟာအောင်မြေမြို့နယ်အတွင်း ၆၂လမ်း တစ်လျှောက် သိပ္ပံလမ်းမှ ၃၅လမ်းအထိ လမ်းအရှည်ပေ ၅၈၀၀၊ အကျယ်ပေ၅၀ ကတ္တရာလမ်း တိုးချဲ့ထပ်ပိုးလွှာတင် ကတ္တရာခင်းဆောင်ရွက်ခြင်းလုပ်ငန်းနှင့် လမ်းဘေးဝဲ၊ယာ ရေနုတ်မြောင်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ပုသိမ်ကြီးမြို့နယ် ငွေကြီးကုန်းကျေးရွာ ကွင်းအမှတ်(၄၅၂)ရှိတောင်သူဦးဇော်ဝမ်း၏ နှစ်ဧက စပါးစိုက်ခင်းမှ နွေစပါးရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန၏ ၃၇ ဒသမ ၅၄ ဧက စပါးစိုက်ခင်း၌ စပါးစိုက်ပျိုးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၏ အမှတ်(၁) ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ကြက်ဆူစေ့ကြိတ်စက်ရုံ၌ မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်(တာဝန်) ဒေါက်တာဇော်မင်းအောင်က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ကျောက်ဆည်အလုပ်ရုံမှ ထုတ်လုပ်သည့် ကြက်ဆူကြိတ်စက်ဖြင့် ကြက်ဆူဆီထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ကြက်ဆူစိုက်ခင်းများ၊ စားဖိုဆောင်သီးနှံစိုက်ခင်းများ၊ မွေးမြူရေးခြံအတွင်း တိရစ္ဆာန်များ မွေးမြူထားရှိမှု၊ ငါးကန်များအတွင်း ငါးများမွေးမြူထားရှိမှုနှင့် ငါးသားပေါက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ပေနက်ရေနံတွင်းတူးစက်များ ကျွမ်းကျင်စွာကိုင်တွယ်နိုင်ရေး လေ့ကျင့်ထား တွေ့ကြုံရမည့်အခက်အခဲများ ကျော်လွှားနိုင်ရေး ကြိုတင်ပြင်ဆင် ရေနံမြေအသစ်များရှာဖွေရေး ကြိုးစားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၈

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၄ရက်က မကွေးတိုင်း မင်းဘူးမြို့နယ်ရှိ မန်းရေနံမြေ အစည်းအဝေးခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတက်ရောက်၍ ရေနံအထွက်တိုးရေးအတွက် ရေနံမြေအဟောင်းများအနေဖြင့် လက်ရှိထုတ်လုပ်နေသော ရေနံအထွက်နှုန်းအား သဘာဝအရကျဆင်းမှုကို ထိန်းသိမ်းထားကြပြီး ပေနက်သဲကြောများမှ ပေနက်ရေနံတွင်းတူးစက်များဖြင့် ရေနံရှာဖွေတူးဖော်ထုတ်လုပ်နိုင်ရေးနှင့် ရေနံမြေအသစ်များ ရှာဖွေတွေ့ရှိရေးတို့ကို ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရေနံမြေအထွေထွေမန်နေဂျာများက မိမိတို့ ရေနံမြေအလိုက် ရည်မှန်းချက်ပြည့်မီရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရွေးချယ်သတ်မှတ်

ဆက်လက်၍ ဘူမိရူပဗေဒဌာနမှ တာဝန်ရှိသူများနှင့် ရေနံရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူးတို့က ပေနက်ရေနံတွင်းတူးစက်ဖြင့် တူးဖော်ထုတ်လုပ်နိုင်မည့် ရေနံမြေနေရာများကို ဇယားများဖြင့် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပေနက်ရေနံတွင်းတူးစက်များဖြင့် တူးဖော်မည့်နေရာများကို ရွေးချယ်သတ်မှတ်ပေးခဲ့သည်။

ကြိုတင်ပြင်ဆင်

ယင်းနောက် ဝန်ကြီးက ပေနက်ရေနံတွင်းတူးစက်များကို ကျွမ်းကျင်နိုင်နင်းစွာ ကိုင်တွယ်တူးဖော်နိုင်ရေး ကြိုတင်လေ့ကျင့်ထားရန်နှင့် ပေနက်တွင်းတူးက တွေ့ကြုံရမည့် အခက်အခဲများအား ကျော်လွှားနိုင်ရေးတို့ကို ကြိုတင်ပြင်ဆင်ထားကြရန် မှာကြားသည်။

စီမံဆောင်ရွက်

ဝန်ကြီးသည် ဩဂုတ်၂၅ရက်တွင် မကွေးတိုင်း စလေမြို့ရှိ အမှတ်(၁) ဓာတ်မြေဩဇာစက်ရုံ(စလေ)သို့ရောက်ရှိရာ စက်ရုံပင်မထိန်းချုပ်ခန်း၌ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကျွမ်းကျင်သူ ဦးအောင်ဒင်က စက်ရုံ၏ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်ရုံအနေဖြင့် လျာထားချက်ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်ရေးအတွက် ဝန်ထမ်းများအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ယူရီးယားဓာတ်မြေဩဇာ ထုတ်လုပ်ထွက်ရှိနေမှုကိုပါ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ်၂၅ရက်က ကမာရွတ် မြို့နယ် ပြန် ကြား ရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ အထက(၄) ကျောင်းခန်းမ၌ ဟောပြောပွဲ ကျင်းပရာ မြို့နယ် ပြန် ကြား ရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်တင်တင်ဦးက ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (မြို့နယ်ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၂၉-၈-၂၀၀၈ရက် (သောကြာနေ့)
(၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၁၅ ၇။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊ အမျိုးသမီး)**
၈:၃၀ ၈။ International News
၈:၄၅ ၉။ အတီးပြိုင်ပွဲ
၈:၅၀ ၁၀။ ကြေးမုံရိပ်သွင်တေးနုယဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄:၂၅ ၃။ ရန်ကုန်တိုင်း၊ အမှတ်(၃) (အခြေခံပညာဦးစီးဌာန၊ စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက-၄၊ တာမွေ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၅:၀၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀ ၅။ **မနီပြုံးနိုင်ပြီ**
၅:၂၀ ၆။ နှောင်းခေတ်တေးပဒေသာ
၅:၃၀ ၇။ ၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ် ပြိုင်ပွဲ
၅:၄၅ ၈။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) အခြေခံပညာ(၁၅-၂၀နှစ်) (အမျိုးသား၊ အမျိုးသမီး)**
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၁၀ ၁၂။ **နိုင်ငံခြားဓာတ်လမ်းတွဲ ကုန်သွယ်မုန်တိုင်း** (အပိုင်း-၄)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဓာတ်လမ်းတွဲ ပင်လယ်ပျော်မင်းသား** (အပိုင်း-၂၄)

တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

● ရှေ့ဖုံးမှ

(ဂ) ပုဒ်မခွဲငယ်(ည) ကို အောက်ပါအတိုင်း အစားထိုးရမည်-
"(j) the pay and allowances of persons to whom the Defence Services Act, 1959 applies."

(ဃ) ပုဒ်မခွဲငယ်(ဋ) ကို အောက်ပါအတိုင်း အစားထိုးရမည်-
"(k)all compulsory deposits;"

၆။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၆၊ ပုဒ်မခွဲ (၁)တွင် ပါရှိသော-

(က) "or any member of a British foreign military mission" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) "a Secretary to the Government"ဆိုသည့် စကားရပ်ကို "a Director General of the Office of the Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၅၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော ဒဏ်ကြေးငွေပမာဏကို "one hundred thousand kyats," ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ၏ ခြွင်းချက်နောက်တွင် အောက်ပါခြွင်းချက်ကို ဖြည့်စွက်ရမည် -

"Provided also that nothing in this proviso shall affect the power of Supreme Court in the exercise of its revisional jurisdiction."

၉။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၆ တွင် -

(က) နည်းဥပဒေ ၂၃ ၌ ပါရှိသော ဒုတိယစာပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

"Commissioners' fees for every effective meeting shall not exceed five thousand kyats for the first two hours and one thousand kyats for each succeeding hour."

(ခ) နည်းဥပဒေ ၂၄ ၏ စာကိုယ် စာပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

"24, When, under the orders of a State or Divisional Court or District Court, an oath or solemn affirmation is administered to a declarant of an affidavit at his request elsewhere than at the Court, a fee of fifteen hundred kyats shall be paid by the said declarant."

(ဂ) နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ(ခ)၌ ပါရှိသော ငွေပမာဏကို "five hundred kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ(ဂ)၌ ပါရှိသော ငွေပမာဏကို "five thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ (က)တွင် -

(က) နည်းဥပဒေခွဲငယ်(၁)၌ ပါရှိသည့် "as the Court deems reasonable;" ဆိုသည့် စကားရပ်နောက်တွင် "or in a suit instituted by the Bank, at such rate as fixed by the Central Bank of Myanmar, from time to time and one per cent shall be added in addition to that rate fixed as such;" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) နည်းဥပဒေခွဲငယ် (၂)၌ ပါရှိသည့် "the preliminary decree;" ဆိုသည့် စကားရပ်နောက်တွင် "or in a suit instituted by the Bank, at such rate as fixed by the Central Bank of Myanmar, from time to time and one per cent shall be added in addition to that rate fixed as such;" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) နည်းဥပဒေခွဲငယ်(၃)၌ ပါရှိသည့် "failing both such rates, at nine per cent per annum; and" ဆိုသည့် စကားရပ်ကို "where both of such rates are not fixed, at such rate as the Court deems reasonable or in a suit instituted by the Bank, at such rate as fixed by the Central Bank of Myanmar, from time to time and one per cent shall be added in addition to that rate fixed as such;" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ(ခ) တွင် ပါရှိသည့် "as the Court deems reasonable-" ဆိုသည့် စကားရပ်နောက်တွင် "or in a suit instituted by the Bank, at such rate as fixed by the Central Bank of Myanmar, from time to time and one per cent shall be added in addition to that rate fixed as such-" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၂။ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၈၊ နည်းဥပဒေ ၄ ပထမခြွင်းချက်တွင် ပါရှိသော ငွေပမာဏကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဝက်လက်မြို့နယ် မိုးစပါး စုပေါင်းမြေသြဇာကြဲပက်ပွဲ
တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုး တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၂၈

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် ဩဂုတ် ၂၁ရက်က ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သားနားကျေးရွာအုပ်စုရှိ တောင်သူ ဦးခင်မောင်တင့်နှင့် ဦးပြုံးတို့၏ လယ်မြေ ခြောက်ဧက၌ ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါးစုပေါင်း မြေသြဇာကြဲပက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

စိုက်ပျိုးထား

အဆိုပါ လယ်မြေ၌ ရွှေဘို(၁)အထွက်တိုးစပါးမျိုးများ စိုက်ပျိုးထားရှိပြီး တိုင်းမှူးက ဒေသခံလယ်သမားများနှင့်တွေ့ဆုံ၍ ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သဘာဝမြေသြဇာသုံးစွဲရေးတို့နှင့်စပ်လျဉ်း၍ မှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက်က မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်ရှိ အိမ်တွင်းမှုသင်တန်းကျောင်း၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သန်းသန်းနွယ်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် နာယကနှင့် အဖွဲ့ဝင်များက ထူးချွန်သင်တန်းသူများအား ဆုချီးမြှင့်ပြီး သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များကို ပေးအပ်သည်။

ကြာမြင့်

ထို့နောက် သင်တန်းသူများ၏ လက်တွေ့လုပ်ဆောင်မှုများအား လှည့်လည်ကြည့်ရှုပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် ဩဂုတ်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၃၁-၈-၂၀၀၈) ရက်နေ့

၂၀၀၈ ခုနှစ် စက်တင်ဘာလအတွက်

(၁၄-၉-၂၀၀၈) ရက်နေ့

နှင့်

(၂၈-၉-၂၀၀၈) ရက်နေ့။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၏ အဋ္ဌမအကြိမ်ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်ရှိ မြန်မာစာခန်းမ၌ ဩဂုတ်၂၇ရက် နံနက်၁၁နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းနှင့် မြန်မာစာပါရဂူသင်တန်းကို ပို့ချပေးသော ဆရာကြီး၊ ဆရာမကြီးများနှင့် မြန်မာစာဌာနမှ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဂုဏ်ပြု

အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနပါမောက္ခ ဌာနမှူးဒေါက်တာခင်ဆန်းဦးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။**(ယာပုံ)** ဆက်လက်၍ ဝါရင့်ပါရဂူဘွဲ့ရရှိသူ ဒေါက်တာခင်ဆွေမြင့်အား မြန်မာစာအဖွဲ့ အဖွဲ့ဝင် ဆရာကြီး ဦးမြင့်ကြည်က ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပေးအပ်သည်။

၂၀၀၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှ ပါရဂူဘွဲ့ရရှိသူ ဝါရင့်ဆရာ ဆရာမကြီး ခြောက်ဦးအပါအဝင် ပါရဂူဘွဲ့ရသူပေါင်း ၃၄ ဦးရှိကြောင်း၊ ၎င်းတို့အနက်မှ ပါမောက္ခ(ငြိမ်း)တစ်ဦးနှင့် မြန်မာစာဌာနတွင် လက်ရှိတာဝန် ထမ်းဆောင်နေသော ဆရာ ဆရာမ၁၂ဦးတို့အား ဂုဏ်ပြုခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သင့်သွေးဖြင့် အသက်ကယ်ပါ။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သံဃာတော် ၃၁၈ပါးတို့အား တစ်နေ့တာဆွမ်းအလှူတော် ငွေကျပ် ၅၀၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သံဃာတော်များအား တစ်နေ့တာဆွမ်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၂၈

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများ၏ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သံဃာတော် ၃၁၈ပါးတို့အား တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၅ရက် နံနက် ၁၀နာရီက သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၅၀၀၀၀၀ ကို ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်တောင်းမြစ်ရေ အခြေအနေ

ရန်ကုန် ဩဂုတ် ၂၈

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၁၀နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၇၈စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈ စင်တီမီတာ(၃လက်မခန့်) ကျော်လွန်နေသည်။အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းမည်ဟုခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲဆုရသူများကြေညာ

နေပြည်တော် ဩဂုတ် ၂၈

၂၀၀၈ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

အလွတ်တန်း

အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **'ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) အရှေ့တိုင်း ပညာဌာနမှ နည်းပြ(ငြိမ်း) ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်)ကလည်းကောင်း၊ ဒုတိယဆုကို တပ်မတော်ဆေးတက္ကသိုလ်မှ အလုပ်သင်ဆရာဝန် ဗိုလ်လောင်းချမ်းငြိမ်းသူ(ချမ်းငြိမ်းသူ)ကလည်းကောင်း၊ တတိယဆုကို ပုသိမ်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာနွယ်နွယ်စိုး(နွယ်လေး-မြန်မာစာ)ကလည်းကောင်း ရရှိသည်။

တက္ကသိုလ်၊ကောလိပ်

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **'လူသားရင်းမြစ်ဖွံ့ဖြိုးရေး စာတတ်မြောက်ရေးကြိုးပမ်းပေး'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့စတုတ္ထနှစ်ကျောင်းသူ မဆုစန္ဒီဝင်းကလည်းကောင်း၊ ဒုတိယဆုကို ပုသိမ်ပညာရေးကောလိပ် ပထမနှစ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းသူ နော်အယ်ဂျွန်ဖောကလည်းကောင်း၊ တတိယဆုကို မုံရွာပညာရေးကောလိပ် ပထမနှစ်လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာ သင်တန်းသူ မထူးရွှေရည်အိမ်ကလည်းကောင်း ရရှိသည်။

အခြေခံပညာအထက်တန်း

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **'စာပေသည်သာ ဘဝရှေ့ဆောင်'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို တောင်တွင်းကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မနှင်းနှင်းအောင်ကလည်းကောင်း၊ ဒုတိယဆုကို တီးတိန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မဝုန်စန်းကျင်းကလည်းကောင်း၊ တတိယဆုကို ကျောက်ပန်းတောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသား မောင်သန်းတိုးအောင်ကလည်းကောင်း ရရှိသည်။

အခြေခံပညာအလယ်တန်း

အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲကို **'သည်းချာရင်သွေး စာတတ်ရေး ဝိုင်းဝန်းကြိုးပမ်းပေး'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသား မောင်အောင်သီဟကလည်းကောင်း၊ ဒုတိယဆုကို မြိတ်မြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မအိချယ်ငြိမ်းကလည်းကောင်း၊ တတိယဆုကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မကေခိုင်သင်းကလည်းကောင်း ရရှိသည်။

သတင်းပို့

ပြိုင်ပွဲများတွင် ဆုရရှိသူများအားလုံးသည် စက်တင်ဘာ ၅ရက် (သောကြာနေ့) ညနေထက် နောက်မကျစေဘဲ နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာကျော်ဝင်းစိုး ဖုန်း-၀၆၇-၄၂၀၁၃၈သို့ လူကိုယ်တိုင်မပျက်မကွက် သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲတွေ ယှဉ်ပြိုင်နိုင်ဖို့ရည်ရွယ်

● *ကျော်ဖုံးမှ*

အားကစားပြိုင်ပွဲမှာ ဝင်ရောက်ဆင်နွှဲဖို့အတွက် လှေလှော် ကစားသမား အမျိုးသား၊အမျိုးသမီး ၇၃ဦး၊ နည်းပြနဲ့အုပ်ချုပ်သူကိုးဦး စုစုပေါင်း ၈၁ဦးကို ဒီနှစ်ဇူလိုင်၁၅ရက်ကတည်းကစပြီး စခန်းသွင်း လေ့ကျင့်နေပါတယ်။ အဲဒီ လှေလှော်ကစားသမားတွေဟာ နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲတွေ ယှဉ်ပြိုင်နိုင်ဖို့ အတွက်လည်း

"လေ့ကျင့်မှုနဲ့ သန်စွမ်းမှုအပိုင်းမှာ ကွာခြားတယ်"
ဦးကျော်ဝင်း
နည်းပြ
မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်

ရည်ရွယ်ထားပါတယ်"ဟု မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဖေဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

လေ့ကျင့်

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဝင်းအတွင်း မြေပြင်၌ဒူးထောက်ကာ စုပေါင်းလှေလှော်လေ့ကျင့်နေသူများ၊ အင်းလျားကန်ရေပြင်တွင်တစ်ဦးချင်းနှင့် အဖွဲ့လိုက် လှေလှော်လေ့ကျင့်နေသူများကိုလည်း တွေ့ရှိရသည်။

လူရွေးချယ်

"အနီးကပ်ဆုံး ပြိုင်ပွဲအနေနဲ့ကတော့ လာမယ့် စက်တင်ဘာ ၁၃ရက်နဲ့ ၁၄ရက်မှာ ထိုင်းနိုင်ငံ

"ပေကျင်းအိုလံပစ်ပွဲဟာ ကျွန်မအတွက် အတွေ့အကြုံကောင်းတွေ ရရှိစေခဲ့တယ်"
ရွှေစင်လတ်
တစ်ဦးချင်းလှေလှော်

အယုဒ္ဓယမြို့မှာ ကျင်းပမယ့် အကြိမ်(၂၀)မြောက် နိုင်ငံတကာ Swan Boat ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး အမျိုးသား ၂၂ဦးပါဝင်တဲ့ Swan Boat ပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲဖို့အတွက်လည်းလူရွေးချယ်လေ့ကျင့်နေပြီ ဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ ကမ္ဘာ့နိုင်ငံပေါင်း ၁၉နိုင်ငံက လှေလှော်ကစားသမားတွေ ပါဝင်ဆင်နွှဲကြမယ်လို့တော့ သတင်းရရှိထားပါတယ်။ နောက်ထပ်ပြိုင်ပွဲတစ်ခုကတော့ လာမယ့် အောက်တိုဘာ ၁၈ရက်မှာ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ ကျင်းပမယ့် ပထမအကြိမ် အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲရဲ့ နဂါးလှေပြိုင်ပွဲမှာ ကျွန်တော်တို့ လှေလှော် အားကစား ကျား/မ ၂၂တက် ပြိုင်ပွဲမှာ အသင်းနှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြဖို့လည်းရှိပါတယ်"

ဟု ဦးဖေဝင်းက ဆက်လက်ရှင်းပြသည်။

စနစ်တကျ

ထို့ပြင် လာမည့် ဒီဇင်ဘာ၌ စင်ကာပူနိုင်ငံတွင်ကျင်းပမည့်အရှေ့တောင်အာရှ ကနူးကယက် ချန်ပီယံရှစ်ပြိုင်ပွဲ၌ ကျား/မ အငယ်တန်း၊ အကြီးတန်းပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ထိုပွဲများအတွက်လည်းပြိုင်ပွဲတစ်ခုချင်းအလိုက် လူရွေးချယ်မှုများကို စနစ်တကျပြုလုပ်ထားကြောင်း သိရသည်။

အကြိုဗိုလ်လုပွဲ

ထို့နောက် မကြာမီက ကျင်းပပြီးစီးခဲ့သော ၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲ၌ သွားရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ လှေလှော်ကစားသမား ကိုဘုန်းမြင့်တေဇာနှင့် တွေ့ဆုံကာ ပေကျင်းအိုလံပစ်ပွဲတော်၌ ပါဝင်ဆင်နွှဲခဲ့မှု အခြေအနေများကိုဆက်လက်မေးမြန်းခဲ့ရာ "ကျွန်တော့်အနေနဲ့ ကယက်တစ်ဦးချင်းလှေလှော်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တာပါ။ ယှဉ်ပြိုင်ခဲ့တဲ့ပွဲတွေကတော့ ကယက်တစ်ဦးချင်း မီတာ ၁၀၀၀နဲ့ မီတာ၅၀၀ ပြိုင်ပွဲတွေဖြစ်ပါတယ်။ ဩဂုတ် ၁၈ရက်မှာ မီတာ ၁၀၀၀ ကယက်လှေလှော် ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ပါတယ်၊ မီတာ ၅၀၀ ကယက်လှေလှော် ပြိုင်ပွဲမှာတော့ အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပါတယ်၊ ဒီပွဲဟာ ကျွန်တော့်ရဲ့ အိုလံပစ်ပွဲတော်မှာ ပထမဆုံး ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်"ဟု ကိုဘုန်းမြင့်တေဇာကပြောကြားသည်။

လေ့ကျင့်မှုပိုကောင်း

ကိုဘုန်းမြင့်တေဇာသည် တစ်ဦးချင်း ကယက်လှေလှော် ပြိုင်ပွဲ၌ အကောင်းဆုံးစံချိန်ရှင်ဖြစ်ပြီး အရှေ့တောင်အာရှ ရွှေတံဆိပ်ပိုင်ရှင်တစ်ဦးလည်းဖြစ်သည်။ ထို့ကြောင့် အိုလံပစ်

"ပထမဆုံး အိုလံပစ်ပွဲတော်မှာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပါတယ်"
ဘုန်းမြင့်တေဇာ
ကယက်လှေလှော်

ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့သူတွေထဲမှာ အိုလံပစ်ရွှေတံဆိပ်နှစ်ဆု ရရှိထားတဲ့ ဂျာမနီ ကယက်လှေလှော်သမားလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ သူရဲ့ ကိုယ်အလေးချိန်က ကီလို၁၁၀လောက်ရှိပြီး ကျွန်တော်ရဲ့ ကိုယ်အလေးချိန် ၇၅ကီလိုပါ။ ခန္ဓာကိုယ် ဖွံ့ဖြိုးမှုနဲ့ လေ့ကျင့်မှုတွေမှာ သူတို့တွေ ပိုကောင်းပါတယ်"ဟုပြောကြားသည်။

လှေအလေးချိန်

ယခုအိုလံပစ်ပွဲတော်၌ ကယက်လှေလှော်သမားများအနေဖြင့် ကိုယ့်လှေကိုယ် သယ်ဆောင်ပြီး ပြိုင်ပွဲဝင်ကြခြင်းဖြစ်ပြီး လှေ၏အလေးချိန်မှာ ၁၂ကီလိုအနည်းဆုံးရှိရမည်ဖြစ်သည်။ ထိုအလေးချိန် မပြည့်ပါက လှေ၌ အလေးချိန် ထပ်ပိုးပေးကြောင်း သိရသည်။

လိုအပ်ချက်

ထို့နောက် ပေကျင်းအိုလံပစ်ပြိုင်ပွဲ၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ဘက်များ၏ အနေအထားနှင့် ပတ်သက်၍လည်း "နိုင်ငံတကာက လှေလှော် ကစားသမားတွေကိုကြည့်တဲ့အခါသန်စွမ်းမှု၊ အရပ်အမောင်း ကောင်းမွန်မှု၊ နည်းစနစ်ပိုင်းနဲ့ အထောက်အကူပစ္စည်းတွေရဲ့ ပံ့ပိုးမှုတွေ ကောင်းမွန်တာတွေ့ရတယ်။ နောက်ပြီးအောင်ပွဲတွေ ရရှိခဲ့တဲ့ နိုင်ငံတကာ ကစားသမားတွေကို လေ့လာကြည့်တဲ့အခါ နှစ်ပေါင်းများစွာ လေ့ကျင့်ခဲ့တဲ့သူတွေ များပါတယ်။ ကျွန်တော်နဲ့အတူ ကယက်လှေလှော်

"နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲတွေအတွက်လည်း ယှဉ်ပြိုင်နိုင်ဖို့ ရည်ရွယ်ထားပါတယ်"
ဦးဖေဝင်း
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်

တစ်ဦးချင်း လှေလှော်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ မရွှေစင်လတ်နှင့် တွေ့ဆုံကာ ပြိုင်ပွဲဝင်ခဲ့မှု အတွေ့အကြုံများကို မေးမြန်းရာ "ပေကျင်းအိုလံပစ်ပွဲက ကျွန်မအတွက် ပထမဆုံး အိုလံပစ်ပြိုင်ပွဲပါ။ ၂၀၀၈ဧပြီလမှာအာရှလက်ရွေးစင်ပြိုင်ပွဲကို ရှန်ဟိုင်းမှာကျင်းပခဲ့တာ ကျွန်မအနေနဲ့အာရှအဆင့် ပဉ္စမ ရရှိခဲ့လို့ အခုလို အိုလံပစ်ပွဲတော်ကို ဆင်နွှဲခွင့်ရတာ ဖြစ်ပါတယ်။ အကြိုဗိုလ်လုပွဲအထိ ယှဉ်ပြိုင်ခဲ့ပြီး ချီလီ၊ တောင်အာဖရိက၊ ကာဇက်စတန်၊ အယ်လ်ဆာဗေဒို၊ ဟောင်ကောင် တို့နဲ့ အတူ ယှဉ်ပြိုင် ကစားခဲ့ရပါတယ်။ ပါဝင်ယှဉ်ပြိုင်ကြတဲ့ အားကစားမယ်တွေဟာ ကျွန်မတို့ထက် လေ့ကျင့်မှုအားကောင်းတာ တွေ့ရပါတယ်။ ဒါ့အပြင် ခန္ဓာကိုယ် ကြံ့ခိုင်မှုနဲ့စံချိန်စံညွှန်းလည်း ကောင်းပါတယ်။ ဒီပွဲဟာ ကျွန်မအတွက် အတွေ့အကြုံကောင်းတွေ ရရှိစေခဲ့တာမို့ လိုအပ်ချက်တွေ ဖြည့်ဆည်းလေ့ကျင့်သွားမှာပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

နှစ်ချီလေ့ကျင့်

ထို့နောက် အိုလံပစ်ပွဲတော်တွင် မြန်မာလှေလှော်အားကစားအဖွဲ့ချုပ်၏ နည်းပြအဖြစ် တာဝန်ယူခဲ့သူ ဒုအရာခံဗိုလ် ကျော်ဝင်းကလည်း "ပြိုင်ပွဲဝင် ကစားသမားတွေအနေနဲ့ နည်းစနစ်ပိုင်း ကွာဟမှုမရှိပါဘူး၊ လေ့ကျင့်မှုနဲ့ သန်စွမ်းမှုအပိုင်းမှာ ကွာခြားတယ်။ ကမ္ဘာ့အဆင့်မီ အားကစားပွဲတော်တွေမှာ ရွှေတံဆိပ်ရအောင် ကြိုးစားမယ်ဆိုရင် ဇွဲကောင်းဖို့၊ နှစ်နဲ့ချီလေ့ကျင့်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် လှေလှော်အားကစားသမားတွေ အချိန်ကာလရှည်ကြာစွာ ကြိုးစားလေ့ကျင့်ပြီး ဇွဲကောင်းကောင်းနဲ့ ကြိုးစားနိုင်မှ နိုင်ငံတကာပွဲတော်တွေမှာ ရွှေတံဆိပ်တွေ ဆွတ်ခူးနိုင်မှာ ဖြစ်ပါတယ်" ဟု ဖြေကြားသွားခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

အရှေ့တောင်အာရှ လှေလှော်ပြိုင်ပွဲအတွက် ဤသို့ အပြင်းအထန် အားကြိုးမာန်တက် လေ့ကျင့်နေကြသည်။

ဆင်စီး၍ မြင်းရံစေချင်သည်

ကောင်းတာကိုလုပ်တဲ့သူတွေဟာ ကောင်းကျိုးကို ရပါလိမ့်မယ်၊ မကောင်းတာ လုပ်တဲ့သူတွေလည်း မကောင်းကျိုးကိုရပြီး သူ့စရိုက်နဲ့သူ သွားကြရမှာပါ။ ငါကတော့ အမှားအမှန် ခွဲခြားတတ်တဲ့ ပြည်သူတွေရဲ့ အားကို ယုံတယ်ကွ။ ဒို့မြန်မာမှုမှာ "အရေးကြုံလှာ ကူညီပါမှ သဟာ မိတ်ကောင်းစစ်" လို့ ဆိုတယ် မဟုတ်လား။

မောင်ဒွဲ့ဒိုး

ဘကြီးဖြိုး ။ ။ လူတွေဟာ မသိလို့ကြိုက်၊ အကြိုက်လွန်ပြီး စွဲလမ်းမိသွားပြန်တော့ အမှန်ကို မမြင်နိုင်တော့ဘဲ ဒါမှ ဒါလို့ မစွန့်လွှတ်နိုင်အောင်ဖြစ်ကြနဲ့၊ အမှန်မသိမှု 'အဝိဇ္ဇာ' နဲ့ တပ်မက်စွဲလမ်းမှု 'တဏှာ' ဆိုတဲ့ သံသရာဝဋ် မြစ်နှစ်ပါးဟာ အတူတကွ အပြန်အလှန် ကျေးဇူးပြုနေကြတာ တယ်ပြီး တရားကျစရာကောင်းပါလား မောင်ဒွဲ့ဒိုးရ။

မောင်ဒွဲ့ဒိုး ။ ။ ဘကြီးဖြိုးက ဝါတွင်း ဆယ်ရက်တရားစခန်း ဝင်လာလို့နဲ့ တူတယ်၊ တရားစကားတွေ တွင်တွင်ပြောပြီး တောထွက်တော့မလို့လား ဘကြီးရဲ့။

ဖြိုး ။ ။ အဲလောက်အထိ ပါရမီ မရင့်ကျက်သေးပါဘူး မောင်ရင်လေးရာ။ ဒါပေမယ့် သံဝေဂတရား ရတယ်ဆိုတာ တရားကို လက်တွေ့ဘဝမှာ ထင်ဟပ်ပြီး ကြည့်တတ်မှရတာမျိုးလေ။ အခုလည်း အစွဲကြီးလွန်းတော့ အနိစ္စကို နိစ္စထင်ပြီး အမြင်လွဲတော့ အသိလွဲ၊ အသိလွဲတော့ အလုပ်လွဲနေကြတဲ့ သူတို့ကို တွေ့နေရတာ တရားကျပြီး သံဝေဂ ပွားမိတာပါကွာ။

ဒိုး ။ ။ ကျွန်တော်တို့က ဘကြီးဖြိုးလောက် ဉာဏ်မပြေးတော့ တည့်တည့်သာ ပြောလိုက်ပါတော့ ဘကြီးရယ်။

ဖြိုး ။ ။ ပြောရရင်တော့လည်း အားနာစရာကြီးပါကွာ၊ ပညာရှိ သတိဖြစ်ခဲဆိုတာလို ထင်ပါရဲ့။ သက်ကြီးဝါကြီး ၉၀ပြည့်နှစ် ရွှေးကောက်ခံ ကိုယ်စားလှယ် ပုဂ္ဂိုလ်ကြီးတချို့ ပြောနေဆိုနေသံကြားရတာ ယူတတ်ရင် တရားရစရာကောင်းလို့ပါ။ စဉ်ဆက်မပြတ် မရပ်မနား ဖောက်ပြန်ပြောင်းလဲနေတဲ့ ကြောင်းကျိုးဆက်ဖြစ်ပျက်ပြုပြင် 'သင်္ခတ' လောကကြီးထဲမှာ ဘာမှမမြဲကြတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေဟာ မတည်မြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရ အတ္တမဟုတ်ခြင်းဆိုတဲ့ သဘောလက္ခဏာတွေသာ ရှိကြတယ်ဆိုတာ သိနိုင်လောက်အောင် သုတမယ ပညာရှိတဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြပေမယ့် ဒီတရားသဘောကို လက်တွေ့ဘဝမှာ ထင်ဟပ်ပြီး မဆင်ခြင်နိုင် ကြရှာတာ တွေးမိလို့ပါ။ ၁၉၉၀ပြည့်နှစ်ကနေ ရေတွက်ကြည့်ရင် ၁၈နှစ်ကျော် ကြာခဲ့ပြီဖြစ်တဲ့ ဒီကနေ့မှာ သေချာဆန်းစစ်ကြည့်ရင် ကိုယ်ကိုယ်တိုင်ရဲ့ အခြေအနေ၊ ကိုယ့်အဖွဲ့အစည်းရဲ့ အခြေအနေ၊ ကိုယ့်နိုင်ငံရဲ့ အခြေအနေ၊ ကိုယ့်ပြည်သူလူထုရဲ့ အခြေအနေဟာ လွန်ခဲ့တဲ့ ၁၈နှစ်က အခြေအနေတွေနဲ့ လားလားမှမတူတော့ဘဲ၊ အဟောင်းအဟောင်းတွေ ပြိုပျက်သွားတဲ့နေရာမှာ အသစ်အသစ်တွေ အစားထိုးဝင်ရောက်လာတဲ့ အနေအထားအသစ် ဖြစ်နေပြီဆိုတာ အသိသာကြီးပါကွာ။ ဒါပေမယ့် အသိခေါက်ခက် အဝင်နက်ပြီး ကာလယန္တရားကို ဘရိတ်အုပ်၊ ၉၀ရလဒ်ကိုပဲ အသေဆုပ်ကိုင်ပြီး မဖြစ်နိုင်မှန်းသိရက်နဲ့ ကျွန်ုပ်တို့သာ ကမ္ဘာဆုံးတိုင် ပြည်သူ့ကိုယ်စားလှယ်တွေ ဖြစ်တယ်လို့ ဓာတ်ပြားဟောင်းကို မနားတမ်းဖွင့်နေလေတော့ ပြောရတာ တယ်ခက်သကိုးကွ။

သူတို့ဟာက ဥပမာပေးရရင် အားလုံးသိတဲ့ ဆင်သေကောင်ပုပ်ပေါ်မှာ စားရင်း နားရင်း မြစ်ထဲမှာ မျောသွားတဲ့ ကျီးငှက်လိုပေါ့ကွာ။ ဒီဆင်သေကြီးဟာ ထာဝရတည်တံ့နေမယ့် ခိုကိုးစရာ၊ အာဟာရကို အမြဲထောက်ပံ့နိုင်မယ့် မှီတွယ်စရာကြီးလို့ ထင်နေရှာတော့ ပင်လယ်ဝကနေ သမုဒ္ဒရာထဲအထိ ကမ်းမမြင် လမ်းမမြင် မျောတော့မယ်ဆိုတာ မသိရှာဘဲ လက်တွေ့ဘဝနဲ့ ကင်းကွာပြီးရင်း ကင်းကွာသွားတဲ့အခါ နောက်ဆုံးတော့ အထီးကျန်အဖြစ်နဲ့ ဒုက္ခရောက်ရတော့တာ မဟုတ်လား။

အခုလည်း အခြေခံဥပဒေသစ်ကို လူထုကရာနှုန်းပြည့်နီးပါး အများစု ဆန္ဒမဲနဲ့ အတည်ပြုခဲ့ပြီးလို့ နောက်မကြာခင် တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ နောက်ထပ် ရွေးကောက်ပွဲအသစ်တောင်မှ ကျင်းပတော့မယ်။ ဒီနေ့အထိ ၉၀ ရလဒ် ဆင်သေကောင်ပုပ်ကြီးကို မစွန့်နိုင်သေးဘူး ဆိုရင်တော့ "ကြည့်လုပ်ကြပါ ဆရာတို့၊ ဆင်သေကောင်ကြီးကတော့ ပင်လယ်ဝရောက်နေပြီ" လို့ လက်တို့ပြီး သတိပေးချင်တာပါပဲကွာ။

ဒိုး ။ ။ ဘကြီးက ဆင်သေကောင်ကို ဥပမာပေးတော့ ကျွန်တော်ကလည်း နောက်ထပ် ဆင်သေဥပမာတစ်ခုကို သတိရမိတယ်။ ဆင်သေကောင်ကိုစားဖို့ ကြိုးစားတဲ့ မြေခွေးပုံပြင်ကို ဘကြီးဖြိုးလည်း သိတယ်မဟုတ်လား။ ဆင်သားရေကမာလွန်းလို့ ကိုက်ဖဲ့မရတော့ အသားနုရှိတဲ့ စအိုကနေဝင်ဖောက်စားရင်း ဆင်ဗိုက်ထဲကိုရောက်သွားတဲ့ မြေခွေးလေ။ နေပူလွန်းလို့ စအိုက ရှုံ့ပြီး ခြောက်သွားတော့ ထွက်လမ်းမရှိဘဲ ဒုက္ခရောက်ခဲ့ရတဲ့ဇာတ်ပေါ့။ အဲဒီလိုပဲ ပြည်တွင်းမှာ ဟိုအရေးအခင်း၊ ဒီအရေးအခင်းတွေပေါ်တိုင်း ဝေလေလေ လုပ်ခဲ့ကြပြီး ပြည်ပကို လစ်ပြေးသွားခဲ့ကြတဲ့ 'ဝေလေလေ' အုပ်စုတွေလည်း ဒီမြေခွေးရဲ့အဖြစ်နဲ့ တော်တော်တူတယ်လို့ ကျွန်တော်ထင်မိတယ်။ ပြည်တော်မပြန်နိုင်တဲ့ သူတို့ဘဝက အဲလို ဝေလေလေအုပ်စုထဲကို ဝင်သွားမိရင် ပြန်ထွက်ဖို့ မလွယ်တော့တဲ့ အနေအထားလေ။ ပြီးတော့လည်း ဆင်သေကောင်ထဲမှာ အနေကျပ် အထိုင်ကျပ်နဲ့ နံစော်ပုပ်ဟောင်နေတဲ့ ဝမ်းတွင်းသားတွေကိုစားပြီး အသက်ဆက်ခဲ့ရတဲ့ မြေခွေးလိုပဲ ဝေလေလေ ပြည်ပြေးဘဝနဲ့ တစ်ဝမ်းတစ်ခါး မျှတအောင် ကိုယ့်တိုင်းပြည် ကိုယ်ရောင်းစား၊ မုသာဝါဒတွေ တစ်လှေကြီးနဲ့ လံကြုပ်သတင်းတွေ ဖန်တီးပြီး ငွေရှာလိုရှာ၊ မြန်မာအချင်းချင်း နောက်ရောက်လာတဲ့ ရိုးရိုးသားသား လူငယ်ကလေးတွေကို ဖျံကျလိမ်ညာပြီး ငွေတွေရိတ်လိုရိတ်၊ နောက်ဆုံးမှာ အသက်ဘေးကိုပါ ရန်ပြုလာတဲ့အဆင့်အထိ ဗရုတ်သုကဲ ဖြစ်ချင်သလိုဖြစ်နေကြတာ ကြားလို့မကောင်းလောက်အောင်ပါပဲ ဘကြီးရယ်။ နောက်ဆုံး ဆင်ဗိုက်ထဲက မြေခွေးဟာ ကံကောင်းထောက်မပြီး မိုးကြီးရွာချလိုက်လို့ ဆင်စအိုရေနူးပြီးပွလာတော့မှ ပြန်လွတ်ခဲ့ရသလို ဒီဝေလေလေအုပ်စုတွေဟာလည်း မြန်မာပြည်ကို ပြန်ပြေးလာနိုင်ဖို့ မြန်မာပြည်မှာ နိုင်ငံရေးမိုးကြီးလေကြီး ကျံပါစေလို့ ဆုတောင်းနေကြတာပေါ့။

ဖြိုး ။ ။ ဖွဟဲ့၊ လွဲပါစေ ဖယ်ပါစေ။ ဒို့ပြည်သူတွေကတော့ နာဂစ်ပြီးကတည်းက မိုးတို့ လေတို့ဆိုတဲ့အသံကို ယောင်လို့တောင်မှ မကြားချင်ကြတော့ဘူးဟေ့။ ဒီဝေလေလေကောင်တွေက မြန်မာပြည်မှာ သူတို့လိုချင်တဲ့ အပြောင်းအလဲဖြစ်ဖို့ သူတို့ မှီခိုကပ်ရပ်နေရတဲ့ သခင်ကြီးတွေကို အားကိုးလို့ မရမှန်းသိတော့ ရဟန်း သံဃာတွေပါမကျန် ဟိုလူ့ မြှောက်ပေး၊ ဒီလူ့ကို သွေးထိုးပေးနဲ့ ဆူဖို့ ပူဖို့ လှုံ့ဆော်နေကြတာလေ။ သူတို့ရဲ့ အကျိုးအတွက် ပြည်သူလူထုကို လက်ကိုင်တုတ်လုပ်ပြီး လူထုအင်အားကို တလွဲအသုံးချဖို့ 'ဆင်ဖြူတော်ကိုမှီပြီး ကြံစုပ်' ဖို့ ကြိုးစားနေကြတာ စိတ်မကောင်းစရာပဲ။ တချို့ကလည်း 'ဆင်ကန်းတောတိုး' လုပ်ရပ်တွေနဲ့ မိုင်းထောင်၊ ဗုံးခွဲ၊ အကြမ်းဖက် နည်းလမ်းတွေသုံးပြီး ပြည်သူလူထုကို တိုက်ခိုက်သတ်ဖြတ်၊ စိတ်ဓာတ်ချောက်ချားအောင် လုပ်နေကြတာ မဟန်ပါဘူးကွာ။

ဒိုး ။ ။ **ကျွန်တော်တို့ ပြည်သူတွေကတော့ ကိုယ့်တိုင်းပြည်ကို ကောင်းစားတာပဲ မြင်ချင်တာပေါ့ ဘကြီးရယ်။ မိဘက သားသမီးတွေကို 'ဆင်စီးလို့မြင်းရံ' တာပဲ မြင်ချင်တယ်။ ဆင်နင်းလို့မြင်းကန်တာ မမြင်ချင်ဘူး ဆိုတာလိုပေါ့။ တကယ်တော့ လွတ်လပ်ရေးရတာပဲ အနှစ်၆၀ပြည့်ခဲ့ပြီ။ နိုင်ငံတစ်ခုအနေနဲ့ ရင့်ကျက်တည်ငြိမ်စွာနဲ့ တိုးတက်ဖွံ့ဖြိုးတဲ့ လမ်းကြောင်းပေါ်ကို ရောက်ဖို့သင့်ပြီလေ။**

ကမ္ဘာ့ကုလသမဂ္ဂတို့၊ အာဆီယံတို့လို နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းတွေ ကိုယ်တိုင်ကလည်း ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်ကို လက်ခံပြီးသား၊ သဘောတူပြီးသား၊ ရွေးကောက်ပွဲသစ်ကိုလည်း ၂၀၁၀မှာ လုပ်တဲ့အခါ လွတ်လပ်မျှတစွာ ဆောင်ရွက်ဖို့ရာ တိုက်တွန်းလိုက်သေးတယ် ဆိုတော့ ရွေးကောက်ပွဲအသစ်လုပ်မှာကို လက်ခံပြီးတဲ့နောက်မှတော့ကွာ အဟောင်းက ရလဒ်ဆိုတာ ပြောနေဖို့ လိုသေးလား။

ဖြိုး ။ ။ မင်းက 'ဆင်စီးလို့မြင်းရံ' ဆိုတော့ တစ်ခုသွားပြီး သတိရမိပြန်သကွ။ ဒီစကားမျိုးက ရုပ်ရှင်တွေထဲမှာ မင်းသမီးကို သူဌေးသားနဲ့ နေရာချထားပေးဖို့ မိဘတွေက ဖျောင်းဖျနားချတဲ့အခါ သုံးတဲ့ စကားမျိုးမဟုတ်လား။ အခုလည်း ဒို့ပြည်သူတွေက အခြေခံဥပဒေသစ်ကို တစ်ခဲနက်ထောက်ခံ အတည်ပြုလိုက်တာဟာ လူငယ်ချင်းကလည်း သဘောကျ မေတ္တာမျှကြတာနဲ့ မတူဘူးလား။ **ကမ္ဘာ့ကုလသမဂ္ဂတို့၊ အာဆီယံတို့လို နိုင်ငံတကာနဲ့ ဒေသတွင်းအဖွဲ့အစည်းတွေ ကိုယ်တိုင်ကလည်း ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်ကိုလက်ခံပြီးသား၊ သဘောတူပြီးသား၊ ရွေးကောက်ပွဲသစ်ကိုလည်း ၂၀၁၀မှာ လုပ်တဲ့အခါ လွတ်လပ်မျှတစွာ ဆောင်ရွက်ဖို့ရာ တိုက်တွန်းလိုက်သေးတယ် ဆိုတော့ ရွေးကောက်ပွဲအသစ်လုပ်မှာကို လက်ခံပြီးတဲ့နောက်မှတော့ကွာ အဟောင်းက ရလဒ်ဆိုတာ ပြောနေဖို့လိုသေးလား။** ဒီလို ကမ္ဘာ့ ရပ်မိရပ်ဖနဲ့တူတဲ့ အဖွဲ့အစည်းတွေကလည်း လက်ခံသဘောတူပြီး 'ခင်ပြည်သူ' နဲ့ 'မောင်အခြေခံဥပဒေသစ်' တို့ကလည်း မေတ္တာမျှနေကြပြီဆိုမှတော့ ဆင်စီးလို့ မြင်းရံတဲ့ဘဝမျိုးကို မျှော်မှန်းလို့ ရပြီပေါ့ကွ။ မဟုတ်ဘူးလား။

ဒိုး ။ ။ ဒါပေမယ့် အဘရေ။ ပြည်ပန်းညိုချိုပါလျက်နဲ့ ကြားကဖျက်ဖို့ မစားရတဲ့အမဲကို သဲနဲ့ပက်ချင်တဲ့သူတွေကလည်း ရှိနေသေးတယ်မဟုတ်လား။ သူတို့ကိုယ်တိုင်ကလည်း မစွမ်းနိုင်၊ သူများလုပ်တာကျတော့လည်း တစ်စက်မှ အကောင်းမမြင်၊ အထင်ကြီးလောက်စရာ ဘာမူဝါဒ၊ ဘာလုပ်ရပ်မှလည်း ခိုင်ခိုင်မာမာမရှိ၊ အစိုးရလုပ်တာမှန်သမျှ ကောင်းကောင်း မကောင်းကောင်း ဆန့်ကျင်ကြ ဆိုတဲ့ အနှစ်ပြုံ့ပြုံ့၊ အကျိုးမဲ့တဲ့ လမ်းကြောင်း တစ်ခုတည်းနဲ့ကတော့ သူတို့ရဲ့လုပ်ရပ်က ဘယ်လိုမှ ကောင်းတဲ့ အကျိုးရလဒ် ထွက်ပေါ်လာနိုင်မှာ မဟုတ်ဘူး။

ဖြိုး ။ ။ သိပ်တော့လည်း စိတ်မပူပါနဲ့ကွာ၊ **ကောင်းတာကိုလုပ်တဲ့သူတွေဟာ ကောင်းကျိုးကို ရပါလိမ့်မယ်၊ မကောင်းတာလုပ်တဲ့သူတွေလည်း မကောင်းကျိုးကိုရပြီး သူ့စရိုက်နဲ့သူ သွားကြရမှာပါ။ ငါကတော့ အမှားအမှန် ခွဲခြားတတ်တဲ့ ပြည်သူတွေရဲ့အားကို ယုံတယ်ကွ။ ဒို့မြန်မာမှုမှာ 'အရေးကြုံလှာ ကူညီပါမှ သဟာ မိတ်ကောင်းစစ်' လို့ ဆိုတယ် မဟုတ်လား။ ပြီးခဲ့တဲ့ နာဂစ်အရေးအခင်းမှာ ဘယ်သူတွေက စေတနာမေတ္တာအပြည့်နဲ့ ကိုယ်ဖိ ရင်ဖိ အင်တိုက်အားတိုက် ကူညီခဲ့တယ်။ ဘယ်သူတွေကတော့ ဘေးထိုင်ဘုပြောပြီး မဟုတ်မမှန် လုပ်ကြံသတင်းတွေနဲ့ အတင်းအဖျင်း အမနာပ စကားအချင်းချင်း သွေးကွဲစေမယ့် ပိသုဏာဝါစာ ကုန်းချောစကားတွေ တွင်တွင်ပြောရင်း မကူညီတဲ့အပြင် ကူညီချင်တဲ့ သူတွေပါ သဒ္ဓါပျက်အောင် အဖျက်လုပ်ငန်းတွေ လုပ်ခဲ့ကြတယ်ဆိုတာ ပြည်သူတွေက သိပါတယ်။ အဲတော့ 'ဆင်သွားရင် လမ်းဖြစ်တယ်' ဆိုတာလို ပြည်သူတစ်ရပ်လုံးရဲ့ စည်းလုံးညီညွတ်တဲ့ စွမ်းပကားနဲ့ ဒီအဖျက်ရန်တွေကို ကျော်လွှားပြီး အေးချမ်းသာယာဖွံ့ဖြိုးတဲ့ နိုင်ငံသစ်ကို ချီတက်ကြမယ်ဆိုရင် မအောင်မြင်နိုင်စရာ မရှိပါဘူးလို့ စိတ်ချယုံကြည်ရင်းနဲ့ ဒို့ရဲ့ ဒီကနေ့ 'ဆင်တရား' ကို နိဂုံးချုပ်လိုက်ကြရအောင်ကွာ။** ။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

စပါးကို အမှတ်ဗလာနဲ့ ပြန်လွှတ်မယ့် ချယ်လ်ဆီး နယူးကာဆယ်ကို အိမ်ကွင်းမှာ အကြိတ်အနယ်နွှဲရမယ့် အာဆင်နယ်

မောင်မောင်မြင့်ဆွေ စုစည်းရေးသားသည်၊ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

လန်ဒန် ဩဂုတ် ၂၈

ပရီမီယာလိဂ်ပွဲစဉ် (၃)ကို ဩဂုတ်၃၀နဲ့ ၃၁ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ် လက်ရှိချန်ပီယံ မန်ယူတို့ကတော့ ဥရောပစူပါဖလား ဘောလုံးပွဲနွှဲစရာရှိနေလို့ ရက်ရွှေ့ထားပါတယ်။ ဒါကြောင့် ဒီအပတ်မှာ ပရီမီယာလိဂ်ပွဲစဉ်ကိုးပွဲ ယှဉ်ပြိုင်မှာဖြစ်လို့ အသင်းကြီးတွေရဲ့ လက်ရှိအနေအထားကို ဖော်ပြရပါရင်···

ချယ်လ်ဆီးနှင့် စပါး

ရာသီအစကတည်းက ခြေမှန်နေပြီး ခြေစွမ်းကလည်း တည်ငြိမ်နေတဲ့အပြင် ဂိုးပြတ်တွေသွင်း အနိုင်ယူနေတဲ့ ချယ်လ်ဆီးဟာ အိမ်ကွင်းမှာစပါးကို အနိုင်ကစားပါလိမ့်မယ်။ အသင်းမှာဆက်ရှိဖို့ မသေချာမရေရာတဲ့ ဘာဘာတော့ဗ်နဲ့ ဂိုးသွင်းခြေမမှန်တဲ့ ဒါရင်ဘင့်တို့ရဲ့ တိုက်စစ်က ဒရော့ဘာဦးဆောင်တဲ့ ချယ်လ်ဆီးတိုက်စစ်ကို မယှဉ်နိုင်ပါဘူး။ မနှစ်က ချယ်လ်ဆီးတို့အိမ်ကွင်းမှာ ၁၂ပွဲနိုင်၊ ခုနစ်ပွဲသရေနဲ့ ရှုံးပွဲလုံးဝမရှိတဲ့မှတ်တမ်းကို ဒီနှစ်လည်း စံချိန်ထပ်တင်ဖို့ ကြိုးစားပါလိမ့်မယ်။ ချယ်လ်ဆီးမှာ လူစုံကစားနိုင်နေပြီမို့ စပါးတို့ မနှစ်က ချယ်လ်ဆီးကွင်းမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့တဲ့အကြွေးကို ဒီနှစ်မှာလည်း လက်ရှိခြေစွမ်းနဲ့ ပြန်ဆပ်နိုင်ဖို့ လမ်းမမြင်တာမို့ စပါးတို့ လက်ဗလာနဲ့ အိမ်ပြန်ရကိန်းဆိုက်သွားမယ့် ပွဲလို့ထင်မိပါတယ်။

အာဆင်နယ်နှင့် နယူးကာဆယ်

ဂူတီရက်၊ ဘာဆောင်းတို့လို လူသစ်တွေနဲ့ အားဖြည့်ထားတဲ့ နယူးကာဆယ်ဟာ ရာသီအစပွဲစဉ်မှာ လက်ရှိချန်ပီယံမန်ယူကို တစ်ဂိုးစီသရေကစားနိုင်ခဲ့တဲ့ ခြေစွမ်းက အာဆင်နယ်တို့ လျှော့တွက်လို့မရဘူးဆိုတာပြနေပါတယ်။ တစ်သင်းလုံးကစားအားမျှနေတဲ့ နယူးကာဆယ်ဟာ အဝေးကွင်းဆိုပေမယ့် အာဆင်နယ်ကို ခြေရည်တူကစားပါလိမ့်မယ်။

ယူဆ

မနှစ်က ဘောလုံးရာသီမှာ ပထမဆုံး ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ အဒီဘာယောလည်း ဒီနှစ်မှာခြေမပေါ်သေးတဲ့အပြင် ဗန်ပါစီကလည်း အင်အားပြည့် မကစားနိုင်သေးတဲ့ အခြေအနေမို့ ပြီးခဲ့တဲ့ ပွဲစဉ်(၂)မှာ ဖူလ်ဟမ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့လို့ အာစင်ဝင်းဂါးလည်း မျက်နှာပျက်စရာ

လီဗာပူးအတွက် အားထားရသည့် တိုက်စစ်မှူး တောရက်စ်။

ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် မနှစ်က သုံးဂိုးပြတ်နဲ့ အနိုင်ယူထားတဲ့ အာဆင်နယ်တို့ဟာ အခုပွဲမှာ အစဉ်အလာတော့ အပျက်ခံမှာမဟုတ်တဲ့အတွက် နယူးကာဆယ်ကို အနိုင်ရအောင်တော့ ကစားနိုင်လိမ့်မယ်လို့ ယူဆပါတယ်။

ဗီလာနှင့် လီဗာပူး

ဗီလာတို့ မနှစ်က ဘောလုံးရာသီမှာ အိမ်ကွင်းခြောက်ပွဲ ရှုံးခဲ့ပေမယ့် ရာသီအပိတ်မှာ အဆင့်ခြောက်တော့ ချိတ်နိုင်ခဲ့ပါတယ်။ မနှစ်က ဗီလာကွင်းမှာ လီဗာပူးနဲ့ကစားတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့မှတ်တမ်းကို အခုပွဲမှာ ဗီလာတို့ ချေဖျက်နိုင်အောင် ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် ဒေါ့ဆန်နာ၊ မန်ဒီနဲ့ ရော်ဘီကိန်းတို့လို ကစားသမားတွေ ခေါ်ယူအားဖြည့်ထားတဲ့ လီဗာပူးဟာ ဒီနှစ်မှာ တာအထွက်တော့ ကောင်းနေပါတယ်။

မြင်တွေ့ရ

လီဗာပူးမှာ အဓိကတိုက်စစ်မှူး တောရက်စ်နဲ့ ကွင်းလယ်အမာခံကစားသမားတွေ ထိခိုက်ဒဏ်ရာမရှိဘဲ ကြံ့ခိုင်မှုအပြည့်နဲ့ ကစားနိုင်နေတာမို့ မနှစ်က လီဗာပူးတို့ ဗီလာကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင် ယူနိုင်ခဲ့တဲ့ရလဒ်မျိုးနဲ့ လီဗာပူးတို့ကပ်ပြီး အနိုင်ရရှိသွားနိုင်ပါတယ်။ လီဗာပူးတိုက်စစ်ဟာ ထက်မြက်မှုရှိတယ်လို့ ဆိုနေပါတယ်။ ဒါပေမယ့် ဗီလာတို့ကလည်း ရှုံးကြွေးပြန်ဆပ်မယ်လို့ ဆိုနေတာကြောင့် ဒီပွဲဟာ အကြိတ်အနယ်ရှိမယ့် ပွဲကောင်းတစ်ပွဲအဖြစ် မြင်တွေ့ရပါလိမ့်မယ်။

အဲဗာတန်နှင့် ပို့စ်မောက်

မနှစ်က တစ်ရာသီလုံးမှာ အဲဗာတန်တို့ အိမ်ကွင်းမှာ လေးပွဲပဲရှုံးထားခဲ့ပါတယ်။ ကာစလေ၊ ဂရာဗင်ဆင်၊ ဒင်နေးတို့ထွက်သွားပေမယ့် အဲဗာတန်ရဲ့ ကစားကွက်က ယိုင်မသွားပါဘူး မနှစ်က ပို့စ်မောက်ကို အဲဗာတန်တို့ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူထားတာမို့ ဒီနှစ်မှာ ပီတာခရောက့်ချ်၊ လီဆာဟာနဲ့ ဘင်တဲလ်တို့လို ကစားသမားအသစ်တွေ နဲ့ဖွဲ့စည်းထားတဲ့ပို့စ်မောက်ကို မနှစ်က ရလဒ်မျိုးနဲ့တော့ အဲဗာတန်တို့ ပွဲမသိမ်းနိုင်ပါဘူး။ ဒီပွဲက သရေဖြစ်သွားနိုင်သလို အနိုင်ဆိုရင်လည်း အိမ်ရှင်တို့ကိုပဲ မျက်နှာသာပေးရမှာပါ။

ဘော်လ်တန်နှင့် ဝက်စ်ဘရွန်း

အဝေးကွင်းမှာ ရလဒ်မကောင်းတတ်တဲ့ တန်းတက်ဝက်စ်ဘရွန်းဟာ အိမ်ကွင်းမှာ ခြေမစွာတဲ့ ဘော်လ်တန်ကို မာမာတင်းတင်း ကစားပါလိမ့်မယ်။



ဟက်ထရစ်ဂိုး သွင်းယူပေးမှာလား

အာဆင်နယ်အတွက် အဒီဘာယော ဟက်ထရစ် ဂိုးတွေသွင်းယူ ပေးနိုင်ပါ့မလား။

(အင်တာနက်ဓာတ်ပုံ)

ဝက်စ်ဘရွန်းဟာ ဒီနှစ်တန်းတက်ထဲမှာတော့ ခြေစွာတဲ့အသင်းဖြစ်ပါတယ်။ ဘော်လ်တန်ရဲ့တိုက်စစ်မှူးတွေကလည်း ဂိုးသွင်းစွမ်းရည်ကျဆင်းနေတာမို့ ဝက်စ်ဘရွန်းကို အိမ်ကွင်းမှာ ခက်ခက်ခဲခဲ ကစားရမှာ သေချာပါတယ်။ ဝက်စ်ဘရွန်းဟာ နိုင်ပွဲလိုအပ်နေတာမို့ ဒီလိုဘော်လ်တန်ဆီက ရသမျှအမှတ်ယူဖို့ ကြိုးစားပါလိမ့်မယ်။

ဆန်းဒါးလန်းနှင့် မန်စီးတီး

မန်စီးတီးတို့ မနှစ်ကဆန်းဒါးလန်းကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူထားနိုင်ခဲ့ပေမယ့် ဒီနှစ်တော့ အဲဒီရလဒ်ထွက်ဖို့ သိပ်မလွယ်ပါဘူး။ မဲလ်ဘရန့်၊ ချမ်ဘွန်ဒါ၊ ဒီအော့ဖ်နဲ့ တိုင်ရိုနီတို့ကို ဝယ်ယူဖြည့်ဆည်းထားတဲ့ ဆန်းဒါးလန်းဟာ အိမ်ကွင်းမှာ မန်စီးတီးကို ကောင်းကောင်းညှော်ခံနိုင်မှာမို့ အဲဒီပွဲရလဒ်ဟာ တစ်မှတ်စီခွဲယူရမယ်လို့ ယူဆပါတယ်။

မစ်ဒယ်ဘရော့နှင့် စတုတ်

အိမ်ကွင်းရလဒ်မကောင်းတတ်တဲ့ မစ်ဒယ်ဘရော့ဟာ လူသစ်တန်း စတုတ်ကို အိမ်ကွင်းမှာ ခက်ခက်ခဲခဲ ကစားရပါလိမ့်မယ်။ စတုတ်ဟာ အိမ်ကွင်း၊ အဝေးကွင်း ခြေစွမ်းပြနိုင်တဲ့အပြင် တကယ်တမ်းခြေပေါ်ရင် မစ်ဒယ်ဘရော့တို့ မလွယ်ပါဘူး။ မစ်ဒယ်ဘရော့ဟာ မနှစ်က အိမ်ကွင်းခုနစ်ပွဲ ရှုံးခဲ့တာမို့ ဒီအားနည်းချက်ကို စတုတ်တို့က အမြတ်ထုတ်သွားမယ်လို့ ယူဆပါတယ်။

ကစားမည်

ဒီလိုပါပဲ ဝက်စ်ဟမ်းနဲ့ဝီဂန်တို့ပွဲမှာ မနှစ်က တစ်ဂိုးစီသရေကျခဲ့ပေမယ့် ဒီပွဲမှာ ဝီဂန်တို့က အဝေးကွင်းဆိုပေမယ့် အမှတ်ရအောင်ကစားမယ်လို့ ယူဆပါတယ်။ ဟောစီးတီးနဲ့ ဖူလ်ဟမ်တို့ပွဲမှာ ဖူဟမ်တို့က အသာစီးကစားနိုင်ဖို့ သိပ်မလွယ်ပါဘူး။ ဟောစီးတီးကလည်း ပရီမီယာလိဂ်မှာ တစ်နေရာ ခိုင်ခိုင်မာမာ ရပ်တည်ဖို့ အခုကတည်းက ကြိုးစားမှာမို့ သရေလည်းဖြစ်သွားနိုင်တဲ့ ပွဲလို့ မှန်းဆရပါတယ်။ ။

အားထားရဆဲ ဒရော့ဘာ

ချယ်လ်ဆီး အတွက် အဓိက တိုက်စစ်မှူးအဖြစ် ဆက်လက် နေရာ ရနေဆဲ ဖြစ်သည့် တိုက်စစ်မှူး ဒရော့ဘာ။

(အင်တာနက်ဓာတ်ပုံ)

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ် ကမ္ဘာ့ဖလား ခြေစစ်ပွဲများနှင့် လွဲချော်မည်

လန်ဒန် ဩဂုတ် ၂၈

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ် (ဓာတ်ပုံ)သည် ပေါင်ခြံ ဒဏ်ရာခွဲစိတ်ကုသရမည် ဖြစ်သောကြောင့် အင်္ဂလန်လက်ရွေးစင်အသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲများနှင့် လွဲချော်ရန် သေချာနေပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဆောင်ကြဉ်းပေး

အသက်၂၈နှစ်ရှိ ဂျရတ်သည် ဩဂုတ် ၂၈ ရက်က ခွဲစိတ်ကုသမှုခံယူခဲ့ပြီး ၁၀ ရက် သို့မဟုတ် ၁၅ ရက် အနားယူရမည်ဖြစ်ကြောင်း လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ထုတ်ဖော်ပြောကြားခဲ့သည်။ ဂျရတ်သည် ဩဂုတ်၂၇ရက်က ဒဏ်ရာရနေသည့်ကြားမှပင် လီဗာပူးအသင်းအား ချန်ပီယံလိဂ်ဝင်ခွင့် အောင်မြင်မှုရရေးအတွက် ဆောင်ကြဉ်းပေးခဲ့သည်။

(အင်တာနက်)

အာရှာဗင်အား စပါးခေါ်ယူလိုမှု ထပ်မံအခွင့်အရေးပေးလာပြန်

လန်ဒန် ဩဂုတ် ၂၈

ယခုနွေရာသီတွင် ရုရှားနှင့် ဇင်းနစ်တိုက်စစ်မှူး အင်ဒရီအာရှာဗင်(ယာပုံ)၏ စပါးသို့ပြောင်းရွှေ့ရေး မတင်မကျ အခြေအနေမှာ ပြန်လည်ရှင်သန်လာပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆုံးသတ်

အသက်၂၇နှစ်ရှိ အာရှာဗင်၏ ပြောင်းရွှေ့ကြေးနှင့် ပတ်သက်ပြီး သဘောတူညီမှုမရရှိခဲ့ဘဲ လွန်ခဲ့သော ၁၀ ရက်က စပါးနှင့် ဇင်းနစ်စိန့်ပီတာစဘတ်တို့ ညှိနှိုင်းဆွေးနွေးပွဲမှာ မတင်မကျ အခြေအနေဖြင့်ပင် အဆုံးသတ်ခဲ့ရသည်။

ယုံကြည်ထား

သို့သော်လည်း ဇင်းနစ်အသင်းသည် ၎င်းတို့ထက် ဘောလုံးအဆင့်အတန်းမြင့်မားသော စပါးအသင်းအား အာရှာဗင်အတွက် ၎င်းတို့တောင်းဆိုသော ပြောင်းရွှေ့ကြေးကို လျှော့ချပေးခြင်းဖြင့် အပြောင်းအရွှေ့ဈေးကွက်ကို ပြန်လည်ဖွင့်ပေးခွင့်ရလိမ့်မည်ဟု ယုံကြည်ထားသည်။ ထို့ကြောင့် စပါးအသင်း၏ အာရှာဗင်အား ခေါ်ယူလိုမှုသည် အခွင့်အရေး ထပ်မံပေးလာပြန်သည်။ (အင်တာနက်)

ရိုက်ဖီးလစ်အား မန်စီးတီးသို့ခေါ်ယူနိုင်မည် နည်းပြ မာ့ခ်ဟုချ် အခိုင်အမာပြောကြား

လန်ဒန် ဩဂုတ် ၂၈

ချယ်လ်ဆီးအသင်းမှ ရိုက်ဖီးလစ် (ဓာတ်ပုံ)အား ခေါ်ယူစာချုပ်နိုင်မည်ဟု မန်စီးတီးနည်းပြ မာ့ခ်ဟုချ်ကအခိုင်အမာပြောကြားခဲ့သည်။

အသက် ၂၆ နှစ်ရှိ တောင်ပံကစားသမား ရိုက်ဖီးလစ်သည် ချယ်လ်ဆီးအသင်းသို့ နည်းပြစကိုလာရီ ရောက်ရှိလာကတည်းက အသင်းတွင်နေရာမရဖြစ်နေပြီး ပျော်ရွှင်မှုမရှိတော့ဟု ဆိုသည်။

ဖွင့်ဟပြောကြား

မိမိအနေဖြင့် ရိုက်ဖီးလစ်အား ခေါ်ယူခွင့်ရပါက ခေါ်ယူလိုသည်ဟု ပွင့်ပွင့်လင်းလင်း ပြောကြားလိုကြောင်း၊ ခေါ်ယူရရှိနိုင်သည့် အခြေအနေရှိကြောင်း၊ ကျိန်းသေပေါက် ခေါ်ယူနိုင်မည်ဟုလည်း မျှော်လင့်ထားကြောင်း မာ့ခ်ဟုချ်ကဆိုသည်။ သို့သော်လည်း ရိုက်ဖီးလစ်သည် မန်စီးတီးနှင့် အဲဗာတန်အသင်းများသို့ ပြောင်းရွှေ့လိုသောဆန္ဒမရှိကြောင်း ၎င်း၏အေးဂျင့် ဝိန်းလင်းဆေးက ဖွင့်ဟပြောကြားခဲ့သည်။ **(အင်တာနက်)**

ကွင်းလယ်ကစားသမား ဘာရီ အက်စတွန်ဗီလာ၌သာ ဆက်ရှိမည်

လန်ဒန် ဩဂုတ် ၂၈

ဂရက်ဘာရီ(ယာပုံ)သည် ယခုလက်ရှိ အပြောင်းအရွှေ့ ရာသီကုန်သည်အထိ အက်စတွန်ဗီလာအသင်းမှ ထွက်ခွာမည် မဟုတ်ကြောင်း ၎င်း၏အေးဂျင့်က ပြောကြားခဲ့သည်။

အသက် ၂၇နှစ်ရှိ ဂရက်ဘာရီအား လီဗာပူးအသင်းကခေါ်ယူရန် အစွမ်းကုန်ကြိုးစားခဲ့သည်။ သို့သော်လည်း လီဗာပူးအသင်းသည် ဗီလာ၏ ပေါင် ၁၈သန်းတန် ဂရက်ဘာရီအားခေါ်ယူရန် လက်တွန့်နေခဲ့သည်။

ပျော်ရွှင်တက်ကြွ

ကွင်းလယ်ကစားသမား ဂရက်ဘာရီသည် လီဗာပူးအသင်းသို့ စာချုပ်ပြောင်းရွှေ့လိုသော ၎င်း၏ဆန္ဒကို ဖွင့်ဟခဲ့သည်။ သို့သော်လည်း ယခုအခါ သူသည် အက်စတွန်ဗီလာ၌ ပျော်ရွှင်တက်ကြွစွာရှိနေသည်ဟု ပြောကြားခဲ့သည်။ (အင်တာနက်)

အက်စတွန်ဗီလာသို့ ပြောင်းရွှေ့လိုကြောင်း နယူးကာဆယ်ကစားသမားမီလ်နာ ပြောကြား

လန်ဒန် ဩဂုတ် ၂၈

ဂျိမ်းစ်မီလ်နာ(ဓာတ်ပုံ)သည် နယူးကာဆယ်အသင်းမှ ထွက်ခွာလိုသည်ဟု ပြောကြားခဲ့ကြောင်း ၎င်း၏ကိုယ်စားလှယ်များက နယူးကာဆယ် အသင်းသို့ ဖွင့်ဟပြောကြားခဲ့သည်။

အသက် ၂၂ နှစ်ရှိ မီလ်နာအား အက်စတွန်ဗီလာအသင်းက ဆက်သွယ်ခေါ်ယူရန် အစွမ်းကုန်ကြိုးစားနေခဲ့သည်။ မီလ်နာသည် အသင်းမှထွက်ခွာလိုသော ၎င်း၏ဆန္ဒကိုလည်း လွန်ခဲ့သော ဩဂုတ်၂၀ရက်က အသင်းသို့ ထုတ်ဖော် အသိပေးပြောကြားခဲ့ပြီးဖြစ်သည်။ မီလ်နာ၏တောင်းဆိုချက်ကြောင့် ပရိသတ်များ၏ အာရုံစိုက်မှုကို ခံခဲ့ရသဖြင့် စိတ်ပျက်ဖွယ်ကောင်းကြောင်း ၎င်းအား ကိုယ်စားပြုသော ဆုကြေးစားဘောလုံးအဖွဲ့ချုပ်က သတင်းတစ်ရပ်တွင် ဖော်ပြသည်။

(ကိုးကား-အင်တာနက်)

ချစ်စိုးနိုင် စုစည်းသည်

စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေး ဓာတ်မြေသြဇာများ ထိရောက်အောင်အသုံးပြု တီကောင်မွေးကန်များဖြင့် တီကျစ်စာမြေသြဇာများ ထုတ်လုပ်

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး လယ်သမားများနှင့် တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၃ရက်က ရမည်းသင်းမြို့နယ်၌ သစ်ဆုံဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးနေမှုများနှင့် စိုက်ပျိုးပြီးစပါးခင်းများကို ကြည့်ရှုစစ်ဆေးပြီး(အပေါ်ပုံ) ရမည်းသင်းမြို့ အရှေ့ဘက်ရှိ ကျီးနီကန် ရေရရှိမှု၊ ကန်ပေါင်များပြုပြင်ထားမှု၊ ရေပိုလွှဲအဆောက်အအုံနှင့် ရေပေးမြောင်းများ ကန်ရေဖြင့် မိုးစပါးစိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ဆည်ရေသောက်ဒေသရှိ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ဓာတ်မြေသြဇာ လေလွင့်ဆုံးရှုံးမှုမရှိဘဲ ထိရောက်အောင် အသုံးပြုသည့် နည်းလမ်းများ အသုံးချရေး၊ တီကောင်မွေးကန်များဖြင့် တီကျစ်စာမြေသြဇာ ထုတ်လုပ်မွေးမြူ အသုံးပြုရေးတို့ကို မှာကြားသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးသည် ရမည်းသင်းမြို့၏ တောင်ဘက်အောင်ချမ်းသာကျေးရွာအနီးရှိ မယ်အောင်ကန် ကန်ပေါင်မြှင့်တင်၍ ပြုပြင်ပြီးစီးမှုနှင့် ရေရရှိမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးနိုင်ပြီ

မယ်အောင်ကန်သည် ကန်ပေါင်အလျားပေ ၂၈၀၀၊ အမြင့် ၁၅ပေ၊ အကျယ် ၁၂ ပေရှိသည်။ ယခင်က ဧက ၇၀ကို ရေပေးနိုင်ခဲ့ရာမှ ကန်ပေါင်မြှင့်တင်ခဲ့သဖြင့် ယခုအခါ ၁၂၅ဧကကို တူးမြောင်းစနစ်ဖြင့် ရေပေးကာ မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း အသိပညာပေးပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၂၈

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ယာဉ်မတော်တဆမှုများ ကျဆင်းရေးအတွက် ယာဉ်စည်းကမ်းအသိပညာပေး ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ကဗျာနှင့် ကာတွန်းပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းများမှာ နေပြည်တော်၌ ယာဉ်တိုက်ခိုက်ယာဉ်တိမ်းမှောက်မှုများ၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေး၊ ပြည်သူအများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုသိရှိနားလည်စေရေးအတွက် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသို့ ပြည်သူအများပိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်စေရေးအတွက် ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး ရေးဆွဲရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ 'ဥပဒေဘောင်အတွင်း မောင်းနှင်ခြင်း၊ ပူးပေါင်း ဆောင်ရွက်ပြည်သူ့အတွက်'၊ 'ယာဉ်လမ်းတစ်ခွင် အစဉ်သာရေး၊ မနေးဖေးကူ တို့ပြည်သူနှင့် ဥပဒေဘောင်အတွင်း မောင်းနှင်ခြင်း၊ ဘေးကင်းရန်ကွာ တို့ပြည်သာ၏' တို့ ဖြစ်သည်။

ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာလုံးရေကန့်သတ်ချက်မှာ ဝတ္ထု ရှည်တွင် စာလုံးရေ ၅၀၀၀၀မှ ၁၀၀၀၀၀အထိ၊ ဝတ္ထုတိုတွင် စာလုံးရေ ၄၀၀၀ မှ၁၀၀၀၀အတွင်း ဖြစ်သည်။ ဆောင်းပါးပြိုင်ပွဲတွင် စာလုံးရေကန့်သတ်ချက်မှာ စာလုံးရေ ၃၀၀၀ မှ၅၀၀၀ အတွင်း ဖြစ်သည်။ ကဗျာပြိုင်ပွဲတွင် ကဗျာစပ်ထုံးစပ်နည်း မှန်ကန်ပြီးပါဒ ၁၀၀မှ၁၅၀ အတွင်းဖြစ်ရမည်။ ကာတွန်းပြိုင်ပွဲတွင် စာရွက်အရွယ်အစား၊ အသေးဆုံး A-3 ဆိုဒ်နှင့် အကြီးဆုံးလက်မ၂၀x၃၀ဖြင့် နှစ်သက်ရာဆေးအရောင်ကို အသုံးပြု၍ထင်ရှားပြတ်သားစွာ ရေးဆွဲပြီး ယှဉ်ပြိုင်နိုင်သည်။

ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးသည် ကဏ္ဍတစ်မျိုးလျှင် စာမူတစ်မျိုးသာတင်သွင်းနိုင်ပြီး ကာတွန်းပြိုင်ပွဲတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ ပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲဝင်များအနေဖြင့် ပတ်စ်ပို့ အရွယ်ဓာတ်ပုံ နှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေး အကျဉ်းချုပ်၊ မိမိကိုယ်တိုင် ရေးသားခြင်း၊ ရေးဆွဲခြင်း ဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် အခြားပြိုင်ပွဲများတွင်လည်း ဆုရရှိဖူးသောစာမူ မဟုတ်ကြောင်း ဝန်ခံချက်စသည်တို့ကို ပူးတွဲပေးပို့ရမည်။စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်း၊မိတ္တူ နှစ်စောင်ပေးပို့တင်သွင်းသွားရမည်။

ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများကို နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ စာတိုက်သေတ္တာအမှတ်(၁၂၃) ဗဟိုစာတိုက်ကြီး နေပြည်တော်သို့ ၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၅ရက် အရောက်ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူများကို ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ကြေညာ၍ ဆုရရှိသူများကို နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသို့ ဖိတ်ခေါ်ပြီး ၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံ တိုင်းရင်း ဆေးဆရာအသင်း(ဗဟို)၏ ၂၀၀၇-၂၀၀၈ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း တိုင်းရင်းဆေးရုံကြီးရှိ ပဒေသရာဇာခန်းမ၌ ကျင်းပသည်။

နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ သဘာပတိ ဦးမောင်ဘဏ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးဝထွန်းက အစည်းအဝေးကျင်းပရခြင်းနှင့် အသင်းဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အားနှင့် ရုံးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ပြည်နယ်နှင့်တိုင်းများမှ ဥက္ကဋ္ဌများက အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်ပြကြပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးသန်းညွှန့်က အစီရင်ခံစာများအပေါ် သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)၏ ၂၀၀၇ခုနှစ် နိုဝင်ဘာမှ ၂၀၀၈ ခုနှစ် ဇူလိုင်အထိ ရငွေ၊ သုံးငွေနှင့် လက်ကျန်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးမောင်မောင်ဦး **(အပေါ်ပုံ)** က ဖတ်ကြားတင်ပြသည်။

(တိုင်းရင်းဆေး)

နိုင်ငံခြားဇာတ်ကားများ အဆင့်မြင့်ရုံများ၌ပြသ ချစ်သလားမမေးနဲ့ နဝဒေးရုံ၌ ဝင်လာ

ကိုကြီးစိုး

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဩဂုတ် ၂၈

ယခုသောကြာပတ်တွင် ရန်ကုန်မြို့ အဆင့်မြင့်ရုံများ၌ ရုပ်ရှင်ဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ ပြသဆဲဇာတ်ကားများသာ ဆက်လက်ပြသနေသည်။ သွင်ရုံတွင် ပြီးခဲ့သည့်သောကြာပတ်က ရုံဝင်လာသော အိန္ဒိယဇာတ်ကားသစ် God Tussi Great Ho ဆက်လက်ပြသနေဆဲ ဖြစ်သည်။

ယင်းဇာတ်ကားတွင် အမိတာဘဂျန်းက တန်ခိုးရှင်၊ ဖန်ဆင်းရှင်အဖြစ် သရုပ်ဆောင်ထားပြီး ဆာလ်မန်ခန်းက သူ့ဘဝမှာ အဆင်မပြေတိုင်း တန်ခိုးရှင်၊ ဖန်ဆင်းရှင်တို့ကို တမ်းတကာတန်ခိုးရှင်အားကိုးဖြင့် အစစအရာရာ ပြည့်စုံလိုသူ သာမန်ကုမ္ပဏီဝန်ထမ်း တစ်ဦးအဖြစ် ပါဝင်ထားသည်။ လူ့အလိုနတ်မလိုက်နိုင်ဆိုသော စကားနှင့်အညီ နောက်ဆုံးလူ့ဘဝသည်သာ လူသားနှင့်အထိုက်တန်ဆုံး ဖြစ်ကြောင်း ရည်ရွယ် ရိုက်ကူးထားသည်။ ဇာတ်လမ်းအရ စကြဝဠာအတွင်းမှ ဂြိုဟ်ကမ္ဘာများ၏ ထူးခြားဆန်းပြားပုံကို တန်ခိုးရှင်က လူသားကို အာကာသသို့တန်ခိုးဖြင့်ခေါ်ကာ ရှင်းပြရင်း သာမန်လူသားတစ်ဦးအနေဖြင့် တန်ခိုးနှင့်မထိုက်တန်ပုံကိုသင်ခန်းစာပေးထားသော ဇာတ်ကားဖြစ်သည်။

မွမ်ဘိုင်းမြို့ ညရှုခင်း၏အပေါ်စီးမြင်ကွင်းများ၊ လပေါ်လူသားကို ခေါ်ဆောင်သွားပုံရိုက်ချက်များမှာ အထူးကောင်းမွန်ပြီး မြူးကြွသော တေးဂီတ၊ လှပသော ကကွက်ဆန်းများဖြင့် တင်ဆက်ထားသည်မှာ ဟောလီးဝုဒ်နှင့် အပြိုင်ရိုက်ကူးထားသော ဘောလီးဝုဒ်၏ ကြိုးပမ်းချက်အဖြစ် မှတ်တမ်းတင်ရမည့်ဇာတ်ကား ဖြစ်သည်။

ရင်ခုန်နှင်းဆီမှ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့တူယှဉ်တွဲ။

ချစ်သလားမမေးနဲ့မှ ဒယ်နီယယ်နှင့် နဝရတ်တို့၏ သောကသရုပ်။

ရင်ခုန်နှင်းဆီ

သမ္မတရုံတွင် Batman the Dark Knight ၊မင်္ဂလာရုံတွင် Curse of the Golden Flower ၊ရွှေဆောင်ရုံ တွင် Ironman နှင့် နေပြည်တော်ရုံတွင် Hancock ဇာတ်ကားများ ဆက်လက်ပြသနေဆဲဖြစ်သည်။ **ရင်ခုန်နှင်းဆီ**မှာ ဝဇီရာ၊ ရွှေဗဟိုရ်၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံများတွင် ပြသနေဆဲဖြစ်သည်။

ကြည့်ကြရမည့် အိန္ဒိယဇာတ်ကားများ

တန်းမြင့်မြို့မရုံတွင် အမိတာဘဂျန်း ခေါင်းဆောင်ပါဝင်ထားသည့် Kohram အက်ရှင်ဇာတ်ကား ရုံဝင်လာသည်။ တာဝန်ထမ်းဆောင်ရင်း ကျဆုံး သွားရသော သူငယ်ချင်းဖြစ်သူအတွက် လက်စားချေ သွေးကြွေးဆပ်သူတစ်ဦးအကြောင်း ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ဘုရင့်ရုံတွင် Hulchul ဟာသဇာတ်ကား ရုံဝင်လာပြီး ဆုထူးပန်ရုံတွင် Abke Baras တော်လှန်ရေးအချစ်ဇာတ်ကားကို ကြည့်ကြရမည် ဖြစ်သည်။

ချစ်သလားမမေးနဲ့

နယူးထိပ်တန်းဗီဒီယိုထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဇမ္ဗူ့ထွန်းသက်လွင် ရိုက်ကူးထားသည့် **ချစ်သလားမမေးနဲ့** ဒီဗွီဒီဇာတ်ကားမှာ နဝဒေးနှင့် မဟာမြိုင်ရုံတွင် ရုံဝင်လာသည်။ သူငယ်ချင်း သုံးဦး၏ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းကို ဖော်ကျူးထားသော ဇာတ်ကားဖြစ်သည်။ ဟိန်းဝေယံ၊ ဒယ်နီယယ်၊ နဝရတ်၊ ရဲအောင်၊ မေသဥ္ဇာဦးနှင့် မေတ္တာတို့ အဓိက ပါဝင်ထားသည်။

ဒါရိုက်တာ

စိန်ရတနာဗီဒီယိုထုတ်လုပ်ရေးအတွက် ဒါရိုက်တာအောင်ဇပါဝါရိုက်ကူးပြီး နေတိုး၊ ဇေလုဝ၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်ထားသော **ဒါရိုက်တာ**ဇာတ်ကားမှာ ရတနာပုံရုံတွင် ပြသနေဆဲဖြစ်သည်။ ရုပ်ရှင်ဒါရိုက်တာတစ်ဦးဘဝနှင့်ရိုက်ကွင်းက ပြဿနာများအကြောင်း ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

သမ္မတရုံတွင် တင်ဆက်နေသော **Batman** မှ စိတ်ဝင်စားဖွယ် ဇာတ်ဝင်ခန်း။

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၂၈

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (ဃဃ)အုပ်စုပတ်လည် ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော် ဘောလုံးကစားကွင်းနှင့် ပေါင်းလောင်းဘောလုံးကစားကွင်းတို့၌ ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကစားကွင်း၌ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်ယှဉ်ပြိုင်

အလားတူ ပေါင်းလောင်း ဘောလုံးကစားကွင်း၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဩဂုတ် ၂၉ရက် **(ယနေ့)**တွင် နေပြည်တော် ဘောလုံးကစားကွင်း၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်း၊ ပေါင်းလောင်းဘောလုံးကစားကွင်း၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့သည် (ကက)အုပ်စုပွဲစဉ်များအဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ ခေတ်မီတိုးတက်မြင့်မားရေး

အလုပ်ရုံဆွေးနွေးပွဲကျင်းပ

သတင်းမှတ်စု - မိုးမြင့်လင်းလက် ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံတွင် မေလဆန်းက တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် လယ်ယာမြေများကို ပြန်လည်တည်ဆောက်ရေးဆိုင်ရာ အစီအစဉ်တစ်ရပ်အဖြစ် စိုက်ပျိုးရေးထုတ်ကုန်များ ခေတ်မီတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ဩဂုတ် ၂၈ရက် နံနက် ၉နာရီခွဲတွင် ကျင်းပခဲ့သည်။ (အောက်ပုံ)

ကျင်းပ

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးပြီး Nutriplant Biotech Fertilizer Sdn Bhd (Malaysia)၊ Malaysia Agricultural Research and Development Institute (MARDI) နှင့် Malaysia Palm Oil Board (MPOB) တို့က ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato Mazalan Mohammad နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်း

အလုပ်ရုံဆွေးနွေးပွဲတွင် Nutriplant Biotech Fertilizer Sdn Bhd (Malaysia) Partner Magor(Rtd.) Amir Alias က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရမှုနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato' mazalar Mohammad တို့က အလုပ်ရုံဆွေးနွေးပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဆိုင်ရာ ပညာရှင်များက ကဏ္ဍအလိုက် စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ ခေတ်မီတိုးတက်မြင့်မားရေးနှင့်စပ်လျဉ်း၍ ရုပ်ပုံကားချပ်များဖြင့် အကျယ်တဝင့် ဆွေးနွေးသွားကြသည်။ **(မြန်မာ့အလင်း)**

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး ယူနစ် (CME)မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် Diagnostic Medical-Surgical Procedures (2008) သင်တန်းကို စက်တင်ဘာ၁၃ရက်မှ နိုဝင်ဘာ၂၃ရက်အထိ (စနေ၊ တနင်္ဂနွေနေ့) တို့တွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသော ဆရာဝန်များသည် စက်တင်ဘာလ ၈ရက်မှ ၉ရက်အတွင်း နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ တက်ရောက်မည့်သူ ကိုယ်တိုင် လိုင်စင် ဓာတ်ပုံလေးပုံဖြင့် စာရင်းသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်အခြေခံ စက်ရုံအလုပ်ရုံ ကြီးကြပ်မှုသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၂၈

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စက်ရုံအလုပ်ရုံကြီးကြပ်မှု သင်တန်းဆင်းပွဲနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့ ဦးစီးဖွင့်လှစ်သော အရည်အသွေးထိန်းချုပ်ခြင်း သင်တန်းဖွင့်ပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း) သစ်အခြေခံ စက်မှုနည်းပညာသင်တန်းဌာနတွင် ဩဂုတ် ၂၇ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်က **(အပေါ်ပုံ)** ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ တာဝန်ရှိသူအသီးသီးတို့က သင်တန်းပို့ချခြင်း၊ ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သစ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးနေထွန်းမင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်လိုက်သည်။ **(မြန်မာ့အလင်း)**

စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား လင်း-ပြန့်-ဖြိုး-လှုံ စီမံကိန်းတော်ကြီးသို့ ဂျပန်နိုင်ငံ တိုကျိုမြို့ရောက် ဒေါ်ဥမ္မာသော်၊ ဦးတင်ထွန်း၊ အကိရ၊ ကဲလီမိသားစုတို့က အလှူတော်ငွေကျပ် တစ်သိန်းနှစ်သောင်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဘုန်းမြင့်နှင့် ဦးအောင်သိန်းတို့က လက်ခံယူစဉ်။

(၁၀၃)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန် မက်ဆီဒိုးနီးယား၌ လေယာဉ်ပျက်ကျ လိုက်ပါလာသူ လေးဦး သေဆုံး

ဝါရှင်တန် ဩဂုတ် ၂၈

အမေရိကန်နိုင်ငံ မက်ဆီဒိုးနီးယားပြည်နယ်တွင် ဩဂုတ် ၂၈ရက် နံနက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ လေးဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။

ထိုးဆင်း

အဆိုပါလေယာဉ်သည် မက်ဆီဒိုးနီးယားပြည်နယ် စကိုဂျီမြို့အနီးတွင် အင်ဂျင်စက်ချွတ်ယွင်းပြီး ပျက်ကျခဲ့ခြင်း ဖြစ်သည်။ ထိုသို့ အင်ဂျင်ချွတ်ယွင်းပြီးနောက် အဆောက်အအုံတစ်ခုပေါ်သို့ ထိုးဆင်းကျခဲ့ရာမှ လေယာဉ်ပေါ် လိုက်ပါလာသူ အားလုံး သေဆုံးခဲ့ရခြင်း ဖြစ်သည်။

The Live News ဂျာနယ်အမှတ်(၉၅)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၈

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ်အမှတ်(၉၅)တွင် ဆင်ဖြူကျွန်း အောင်သိန်း၏ မြို့နှင့် မှို့၊ မြင်းမူမောင်နိုင်မိုး၏ သတိ၊ ချစ်အပ်သူ၊ မရှိဘဲလျှင်၊ နီမင်းဆွေ၏ မသီဂီလေးတို့ရဲ့ သုခဘုံ၊ ကိုကိုလှိုင်၏ မူရှာရက်ဖ်အလွန် ပါကစ္စတန်၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက နိုင်ငံခြားအမည်ရခဲ့တဲ့ လမ်း၊ ကုန်တိုက်နဲ့ ဘာသာရေးအဆောက်အအုံများ(၃)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ တရုတ်ပြည်သစ်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ အပိုင်း(၃)၊ အာရှမိုး၏ ဖိလစ်ပိုင်တောင်ပိုင်းက ပြန်လည်ထကြွလာတဲ့ သူပုန်ပြဿနာ၊ ကိုရေချမ်း(တောင်ငူ)၏ မူးယစ်ဆန့်ကျင် တို့တာဝန်၊ ဂျော်ဂျီယာခွဲထွက်နယ်မြေများကို ရုရှားက အသိအမှတ်ပြုရန် ပြင်ဆင်လျက်ရှိ၊ ကမ္ဘာ့လူနေမှုစရိတ် အမြင့်မားဆုံးမြို့ကြီးများ၊ အမှုသစ်မစခင် အမှုဟောင်းကို ရှင်းထုတ်ဖို့ ပြင်ဆင်ရတော့မယ့် ချန်ရွှေဗြန်း၊ စင်ကာပူနိုင်ငံအနောက်ပိုင်းဒေသ၌ ငွေစက္ကူအတုလုပ်သော မြေအောက်ဂိုဏ်း ဖော်ထုတ်ရှင်းလင်း၊ ဆွစ်ဇာလန်နိုင်ငံမှာ ဇာတ်ကားရိုက်ရင်း ပျော်ခဲ့ကြရသူများ၊ ဒုတိယမုန်တိုင်းကာလတွင် ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးချက် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်၊ မျက်ဝန်းရိပ် အပိုင်း(၁မှ၆)၊ ပင်လယ်ပျော်မင်းသား အပိုင်း(၂၅၊၂၆)၊ ရွှေမင်းသားလေးချစ်ပုံပြင် အပိုင်း(၂၆၊၂၇)စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ်၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ်၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ်(၃၁၀) အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် Market Care (Distribution Service) အမှတ်(၅၅) ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

29-8 (13).pmd 1 8/30/2008, 3:16 AM

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့်အဖွဲ့ ကမမောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းရှေ့ ကတ္တရာလမ်းခင်းမှုကို ဩဂုတ်၁၅ရက်က ကြည့်ရှုစစ်ဆေးရာ မြို့တာဝန်ခံ ဦးဇော်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (ခရိုင် ပြန်/ဆက်)

တောင်ငူခရိုင် ထန်းတပင်မြို့နယ်၌ စာကြည့်တိုက်ရှင်သန်ခိုင်မာရေးဆွေးနွေး

ထန်းတပင် ဩဂုတ် ၂၅

နေပြည်တော်(ရုံးချုပ်)မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်မောင်သည် တောင်ငူခရိုင်ဦးစီးအရာရှိ ဦးသန်းဌေးနှင့် ထန်းတပင်မြို့နယ် ဦးစီးမှူး ဦးတင်မောင်ဝင်းတို့ လိုက်ပါလျက် ဩဂုတ် ၁၈ ရက်က တောင်ငူခရိုင် ထန်းတပင်မြို့နယ် ကင်မွန်းချုံကျေးရွာ ပါရမီစာကြည့်တိုက်၊ ဇရပ်ကြီးကျေးရွာ အားမာန်(၁) စာကြည့်တိုက်နှင့် နတ်ရွာကျေးရွာ ပညာဂုဏ်ရည် စာကြည့်တိုက်များသို့ သွားရောက် စစ်ဆေးကြသည်။

ထို့နောက် ကင်မွန်းချုံကျေးရွာ ပါရမီစာကြည့်တိုက်နှင့် ဇရပ်ကြီးကျေးရွာ အားမာန်(၁) စာကြည့်တိုက်များတွင် ကျင်းပသည့် စာအုပ်နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေးသည်။ (ယာပုံ)

အဆိုပါစာအုပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲတွင်ငွေကျပ်နှစ်သိန်းတန်ဖိုးရှိသုတ၊ ရသစာအုပ်၁၀၀၊ ဂျာနယ်၂၀၀နှင့် အလှူငွေကျပ် ၅၀၀၀၀ ကိုအလှူရှင် ဦးကျော်မြင့်စိုး၊ ဦးမြင့်သိန်းနှင့် ဦးမောင်ချိုတို့က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် ဦးအောင်ထွန်းတို့က လက်ခံယူသည်။ (ခရိုင် ပြန်/ဆက်)

သာယာဝတီမြို့၌ စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

သာယာဝတီ ဩဂုတ် ၂၄

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ၂၀၀၈-၂၀၀၉ခုနှစ်အတွက် သာယာဝတီမြို့နယ် စပါးခင်းများအတွင်း ငါးမျိုးစိုက်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက်က အကျဉ်းဦးစီးဌာနပိုင် လယ်မြေများ၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်မြင့်နှင့်ဝန်ထမ်းများ၊ အကျဉ်းဦးစီးဌာန တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းစိုးနှင့် အကျဉ်းဦးစီးဌာန ဝန်ထမ်းမိသားစုများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများက စပါးခင်းဧက ၃၇၀အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၁၈၅၀၀၀ကိုငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သီပေါမြို့နယ် ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

သီပေါ ဩဂုတ် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ဝန်ထမ်းများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် နိုင်ငံတော် အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် လေ့လာသိရှိနိုင်ရေးတို့အတွက် လူမှုရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများစာဖတ်ဝိုင်းကို အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ရက် နံနက်၁၀နာရီက မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ မြန်မာ့အလင်း ဇူလိုင်၂၇ရက်ထုတ်ပါ ဓာတ်ဆရာ မောင်ကျောက်ဒိုး၏ မပေး ပေး ပေး-ပေး ပေး ပေး ငါ့ရွှေခွက် ပြန်ပေး ဆောင်းပါးကို ရုပ်သံကျွမ်းကျင်(၃) ဒေါ်ခင်နီလာစိုးနှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးနေစိုးဟန်တို့ကလည်းကောင်း၊ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)ရေးသားသော ကိုယ့်ကိုယ်ကို ယုံကြည်မှုစာအုပ်မှ စာဖတ်ကျင့် ဆောင်းပါးကို စာကြည့်တိုက် လက်ထောက်(၃) ဒေါ်သီဂီစိုးနှင့် အငယ်တန်းစာရေး ဒေါ်မာရီတို့က လည်းကောင်း အလှည့်ကျ ဖတ်ကြားကြသည်။

ပြန်သုံးသပ်

ထို့နောက်ဆောင်းပါးပါ အချက်အလက်များနှင့် စပ်လျဉ်း၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က ပြန်လည်သုံးသပ် ဆွေးနွေးကြောင်း သိရသည်။ (ဝ၂ဝ)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ဇူလိုင် ၁၉ရက်က စစ်ကိုင်းမြို့ ရတနာပုံ မြို့ပတ်လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးဝင်းဆွေနှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း သဲကုန်း၌ ဖွင့်

သဲကုန်း ဩဂုတ် ၂၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၈) ဖွင့်ပွဲကို ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးကျော်ကျော်က အမှာစကားပြောကြားပြီး ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာကြည့်တိုက် လုပ်ငန်းအဆင့်ဆင့်ကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောမျိုးချစ်က စာကြည့်တိုက်မှူး၏ တာဝန်များနှင့် မြို့နယ်ရှိ စာကြည့်တိုက်များ အခြေအနေကို လည်းကောင်း ဆွေးနွေးကြသည်။

ဖွင့်လှစ်မည်

အဆိုပါ သင်တန်းများကိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီမံမှုဖြင့် ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များအတွက် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ ရေမြောင်းအတွင်း အမှိုက်များ၊ အညစ် အကြေးများနှင့် ရေဆိုးများ မရှိစေရေးအတွက် အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိန်ရွှေမောင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမင်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်အား နာရေးထောက်ပံ့ငွေ ခံစားခွင့်ပေးအပ်

လားရှိုး ဩဂုတ် ၁၇

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဌာနချုပ်)မှ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ ကွယ်လွန်ခြင်းအတွက် နာရေးထောက်ပံ့ငွေခံစားခွင့်ရှိသည်ဖြစ်ရာ ၂၀၀၇ခုနှစ် စက်တင်ဘာ ၁၉ ရက်က ကွယ်လွန်ခဲ့သော လားရှိုးမြို့နေ အဖွဲ့ဝင်အမှတ် ၃၃၉၅ ဦးသိန်းဇော် (ကလောင်အမည်-ခွန်ဇော်ဦး)၏ နာရေးထောက်ပံ့ငွေကျပ်နှစ်သောင်းကို သက်ဆိုင်ရာမြို့နယ်သို့ ဇူလိုင် ၃ရက်က ပေးပို့ရောက်ရှိသည်။

အဆိုပါ ထောက်ပံ့ငွေကို လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘိုနီ(ဘိုနီ-သတင်းထောက်)၊ အဖွဲ့အတွင်းရေးမှူးဦးသိန်းဟန်(ရာမည-သွေးမွန်)၊ အမှုဆောင်ဒေါ်မိုးမိုးခိုင်(မိုးသစ္စာဦး-လားရှိုး) နှင့် လားရှိုးမြို့သို့ရောက်ရှိနေသော သီပေါမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမောင်လတ်(သီပေါကိုလတ်)တို့က ကွယ်လွန်သူ၏သားဖြစ်သူ မောင်ခွန်ဇော်ဦးအား ဩဂုတ် ၈ရက် မွန်းလွဲပိုင်းက နေအိမ်တွင် သွားရောက်ပေးအပ်ခဲ့သည်။ (ဝ၂၆)

စာပေညီလာခံအတွေ့အကြုံ ဘားအံမြို့၌ ရှင်းလင်း

ဘားအံ ဩဂုတ် ၁၉

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံဗဟို ဦးစီးအစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲကို ဩဂုတ် ၁၀ရက် နံနက် ၁၁နာရီက ဘားအံမြို့ ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဆောင်ရွက်

ရှေးဦးစွာ ဘားအံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးစန်းမြင့်(ရဲဘော်-စန်းမြင့်)က ဆောင်ရွက်ပြီး အခမ်းအနားမှူး ဦးမြင့်အောင်(အောင်နှင်းယဉ်)က ဆောင်ရွက်သည်။

ရှင်းလင်း

သဘာပတိက အမှာစကားပြောကြားပြီး ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ဇွန် ၂၈ရက်က ကျင်းပခဲ့သော ဗဟိုဦးစီးအစည်းအဝေး အတွေ့အကြုံများကို ဗဟိုဦးစီးအဖွဲ့ဝင် ဘားအံမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွန်းအုန်း(မန်းခြိမ့်ဖလေ့)က ရှင်းလင်းတင်ပြကြောင်း သိရသည်။ (ဝဝ၈)

မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ဂုဏ်ပြု ပြင်ဦးလွင်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ပြင်ဦးလွင် ဩဂုတ် ၁၅

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်(ဩဂုတ်၁ရက်မှ ၇ရက်အထိ)ကို ဂုဏ်ပြုသောအားဖြင့် ဩဂုတ် ၇ရက် နံနက် ၈ နာရီက ပဒေသာကွက်သစ် ရပ်ကွက်ကြီး(၈) နဝရတ်လမ်းမကြီး တစ်လျှောက် ပန်းအလှပင်နှင့်အရိပ်ရပင်များ စိုက်ပျိုးခြင်းကို ရပ်ကွက်ကြီး(၈) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရင်နှင့်အဖွဲ့ဝင်များ ဦးဆောင်ပြီး ရပ်ကွက်ရာအိမ်မှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအဖွဲ့ဝင်များစုပေါင်း၍ ထင်းရှူး၊ စွယ်တော်၊ ခရစ္စမတ်၊ စိန်ပန်း၊ မဲဇလီ၊ ဘော့စကိုင်းနှင့် ချယ်ရီပင်များ စိုက်ပျိုးကြသည်။

အလားတူ ရပ်ကွက်ကြီး(၈)နယ်မြေရှိ လမ်းဘေးများတွင် ဆက်လက်၍ စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၈၈)**

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်း ဩဂုတ် ၁၁ရက်က ရေးမြို့တွင် မြို့ပြနှင့် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ရေးအတွက် ကျောက်အမျိုးအစား မှန်ကန်စွာ အသုံးပြုနိုင်ရန် အဖွဲ့ပိုင် ကျောက်ခွဲစက်အသုံးပြု၍ ဆောင်ရွက်နေမှုကို သွားရောက်စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်ဝင်းမောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြေယာရှင်းအလှကြည့်ရှု

ဩဂုတ် ၁၇ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ဝင်ဆိုင်းဘုတ် မြေယာရှင်းအလှ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းဌေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကောလင်း၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ကောလင်း ဩဂုတ် ၂၂

စစ်ကိုင်းတိုင်း ကသာခရိုင် ကောလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် စပါးခင်းများသို့ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ်၁၄ရက် နံနက် ၉နာရီက ကောလင်းမြို့နယ် တံဖူးကျေးရွာမှ တောင်သူကြီး ဦးတောက်ထိန်၏ လယ်၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုအောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးဝင်းသိမ်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးသိန်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာတောင်သူများက စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနား၌ ငါးခုံးမကြီးကောင်ရေ ၃၅၀၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၁၀၀၀၀ စုစုပေါင်း ကောင်ရေ ၄၅၀၀၀ကို စပါးခင်းဧက ၉၀တွင် စိုက်ထည့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း တကောင်း၌ဖွင့်

တကောင်း ဩဂုတ် ၂၂

တကောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်း ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ စာကြည့်တိုက်မှူးကောင်းများပေါ်ထွန်းလာစေရန် အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင်၂၁ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တကောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖုန်းနိုင်က စာကြည့်တိုက်တွင်ထားရှိရမည့် စာရင်းဇယား ရေးသွင်းနည်းများ၊ စာအုပ်များ မျိုးတူစုခွဲခြားနည်းများ၊ သုတရသစာအုပ်များ ပညာရပ်အလိုက်ခွဲခြားနည်းများ၊ စာအုပ်စာတမ်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရမည့် နည်းလမ်းများကို ဆွေးနွေးကြပြီး လက်တွေ့ပြသပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေဘိုခရိုင် အထူးကုဆရာဝန်များအဖွဲ့ ရေဦးမြို့ ကျေးရွာများ၌ ကျန်းမာရေး စောင့်ရှောက် အခမဲ့ဆေးဝါးများထောက်ပံ့မှု လုပ်ငန်းဆောင်ရွက်

ရေဦး ဩဂုတ် ၂၄

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ရွှေဘိုခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဝေဝေဦး ဦးဆောင်သော အထူးကုဆရာဝန်များအဖွဲ့သည် ရေဦးမြို့နယ်တပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းတို့နှင့်အတူ ဩဂုတ် ၁၅ရက် နံနက်၁၀နာရီက ပုဏ္ဏကားကျေးရွာသို့ သွားရောက်၍ ဆေးကုသပေးခြင်း၊ အခမဲ့ဆေးဝါးများထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ကြသည်။

ဆေးကုသ

ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာဝေဝေဦးနှင့်အတူ လိုက်ပါခဲ့သော အရိုးအထူးကုဒေါက်တာအောင်မွန်၊ သမားတော်ဒေါက်တာဝင်းဝင်းမြင့်နှင့် မေ့ဆေးအထူးကုဒေါက်တာလှလှတို့သည် ပုဏ္ဏကားကျေးရွာနှင့် ပင်စည်ကျေးရွာများမှ ရောဂါဝေဒနာရှင် ၁၀၃ဦးတို့အား ဆေးကုသပေးခြင်း **(ယာပုံ)** ငွေကျပ် ၁၀၃၅၀၀တန်ဖိုးရှိ ဆေးဝါးများ အခမဲ့ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းက သွေးလွန်တုပ်ကွေး ရောဂါအကြောင်း ပညာပေးဆွေးနွေးဟောပြောပြီး ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝေဝေဦးက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို တစ်အိမ်တက်ဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လှူဒါန်း

စစ်ကိုင်းတိုင်း မြောင်မြို့ သမိုင်းဝင် ရွှေပေါ်ကျွန်း မြတ်စွာဘုရားကြီး ဘက်စုံပြုပြင် မွမ်းမံရန်အတွက် မြောင်မြို့ မြောက်ရပ်ကွက်နေ ဦးမြင့်သိန်း၊ ဒေါ်နှင်းဆီ မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှသိန်းက လက်ခံယူစဉ်။ (ဂေါပကအဖွဲ့)

ကျောက်တံခါးမြို့၌ သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

ကျောက်တံခါး ဩဂုတ် ၁၆

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မိုးရာသီကာလ ခြင်နှိမ်နင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဈေးအတွင်းအပြင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန်၁၄ရက်က အမှုဆောင်အရာရှိ ဦးလွန်းတင်၊ လက်ထောက် အင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်း၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဟိန်းဇော်၊ ဈေးတာဝန်ခံ ဦးစိုးမင်းနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးညှင်းမြို့ ကျက်သရေဆောင် စိမ်းလဲ့ရတနာ ခန်းမ ဝန်းကျင် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် မြေယာရှင်း ပြုပြင်မှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီးဦးမင်းအောင်မြင့်စိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

စဉ့်ကူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စာအုပ်၊ စာရေးကိရိယာများနှင့် ဝတ်စုံများ ထောက်ပံ့ပေးအပ်

စဉ့်ကူး ဩဂုတ် ၂၃

စဉ့်ကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ထောက်ပံ့ရန်လိုအပ်သော ကျောင်းသား ကျောင်းသူများသို့ စာအုပ်၊ စာရေးကိရိယာများနှင့် ဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၃၁ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလှထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မြို့နယ်အလုပ်အမှုဆောင် မြို့နယ်ပညာရေးမှူးဒေါ်သန်းနွဲ့က ထောက်ပံ့ပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဒုတိယဦးစီးမှူး ဦးလှထွန်းနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ လှူဒါန်းသည့် ငွေကျပ် ၁၂၈၂၅၀၀တန်ဖိုးရှိ စာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို အခြေခံပညာ ကျောင်းများအလိုက် ထောက်ပံ့ရန် လိုအပ်သော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဖွင့်

မြောင် ဩဂုတ် ၂၀

စစ်ကိုင်းတိုင်း မြောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ ဌာနအတွင်းလုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဩဂုတ်၄ ရက်နံနက် ၉နာရီက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ထီးလှိုင်ရှင်ခန်းမ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ ရပ်ကွက်/ကျေးရွာ ၅၂ အုပ်စုမှ စာရေးဝန်ထမ်း ၅၂ဦး တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရွှေညောင်ဈေးတွင် ရောင်းချလျက်ရှိသော သားငါးဆိုင်ခန်းများတွင် အသားများ ယင်လုံဆန်ခါဖြင့် စနစ်တကျရောင်းချမှု ရှိမရှိ၊ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိမရှိကို ဇူလိုင် ၁၁ရက်က ကျန်းမာရေးမှူး(၂) ဦးကြည်ဝင်း ဦးစီး၍ စစ်ဆေးရေးမှူး(၄) (သန့်ရှင်း) ဦးမောင်မောင်အောင်နှင့် ဈေးခေါင်း(၄) ဦးသိန်းဝင်းတို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

ပုသိမ်ကြီးမြို့နယ် မိုးစပါးကောက်စိုက်စွမ်းရည်ပြပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ပုသိမ်ကြီးမြို့နယ် ဝွေးကြီးကုန်း ကျေးရွာ၌ တောင်သူ ဦးဇော်ဝမ်း၏ နှစ်ကေစပါးစိုက်ခင်းမှ နွေစပါး ရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၈

မန္တလေးမြို့တွင် ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၅ ရက် နံနက် ၆ နာရီခွဲက တိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားတွေ့ဆုံပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဇီဝလောင်စာဆီထုတ်လုပ်ရေး ကြက်ဆူဆီကြိတ်စက်ရုံအတွင်း ကြက်ဆူဆီ ထုတ်လုပ်ကြိတ်ခွဲနေမှု၊ မျိုးစေ့သိုလှောင်ခန်း၊ ထော်လာဂျီနှင့် လက်တွန်းထွန်စက်များဖြင့် သရုပ်ပြမောင်းနှင်နေမှုကို ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၇ ကော်လံ ၁

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

'ဆင်သွားရင် လမ်းဖြစ်တယ်' ဆိုတာလို ပြည်သူတစ်ရပ်လုံးရဲ့စည်းလုံးညီညွတ်တဲ့ စွမ်းပကားနဲ့ ဒီအဖျက်ရန်တွေကို ကျော်လွှားပြီး အေးချမ်းသာယာဖွံ့ဖြိုးတဲ့ နိုင်ငံသစ်ကို ချီတက်ကြမယ်ဆိုရင် မအောင်မြင်နိုင်စရာမရှိပါဘူး။

မောင်ဒွဲဒိုး၏ ဆောင်းပါး စာ - ၁၀

ပေကျင်းအိုလံပစ်အားကစားပွဲ၌ အတွေ့အကြုံကောင်းများ ရရှိခဲ့ နှစ်လုံးပေါက်ကြိုးစားပါမှ နိုင်ငံတကာပွဲများ၌ ရွှေတံဆိပ်ဆွတ်ခူးနိုင်မည်

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဩဂုတ် ၂၈

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိရေးတို့အတွက် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များအလိုက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

တွေ့ဆုံမေးမြန်း

ထိုသို့ အားကစားအဖွဲ့ချုပ်အလိုက် အောင်မြင်မှုများရရှိအောင် ကြိုးစားဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်လည်း အပါအဝင်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သို့ သွားရောက်ကာ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဖေဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

စခန်းသွင်းလေ့ကျင့်

"အခုအချိန်မှာ ၂၀၀၉ ခုနှစ် လာအိုနိုင်ငံမှာ ကျင်းပမယ့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ

စာမျက်နှာ ၉ ကော်လံ ၄

လေ့ကျင့်လှော်ခတ်

(၂၅) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လှေလှော်အားကစားသမားများ ဤသို့ အပြင်းအထန် လေ့ကျင့်လှော်ခတ်နေကြသည်။ (မြန်မာ့အလင်း)

မိုးရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။